
ဝန်ရင်း
Read on the move
လမင်းမိုမို
ရင်နာစရာ

(၁)

မင်းနရီက ဟိုတယ်ရဲ့ ရီဆက်ပ်ရှင်ကို ခပ်မတ်မတ် လျှောက်သွားလိုက်ကာ သူ့ကိုပြုံးပြုံးချို ချို ဆီးကြိုနေတဲ့ ဝန်ထမ်းမိန်းကလေးတို့ကို ...

"ထွန်းကျော်စွာကို ဧည့်သည်ရောက်နေတယ်လို့ . . . တစ်ဆိတ်"

"ဩော် . . . ဆရာက ပြောထားပါတယ်၊ သူ့ဧည့်သည်တစ်ယောက် လာမယ် ဆိုတာ၊ ခုလေးတင် ဧည့်သည်တစ်ယောက်ရောက်လာလို့ပါ ဆရာ ခဏ ပြန်တက်သွားရတာ ပါ၊ ဆရာက အောက်ဆင်းစောင့်နေတာပါ၊ ဦးမင်းနေရီ ထင်ပါတယ်"

ကောင်းမလေးက ဖွယ်ဖွယ်ရာရာ ယဉ်ယဉ်ကျေးကျေး ရှင်လင်းပြလိုက်မှ မင်းနရီ မျက်နှာထားက ပြန်ကြည်လင်လာပါသည်။ သူ သေသေချာချာ ချိန်းထားရက်နဲ့ ထွန်းကျော်စွာ အသင့်စောင့်မနေဘူးရယ်လို့ မျက်နှာထားညိုချင်နေတာ။ မင်းနရီဆိုတဲ့ သူဟာ အဆင်မပြေတာတွေ၊ ထစ်ငေါ့တာတွေ၊ ကြန့်ကြာတာတွေ၊ အမှားအယွင်းတွေကို သည်းညည်းခံ လက်သင့်ခံနိုင်သူမဟုတ်ပေ။

သူကိုယ်တိုင်က ကြိုးစားတဲ့သူတစ်ယောက် တက်ကြွတဲ့သူတစ်ယောက်၊ တော်ဖို့ ကောင်းဖို့ အမြဲအားထုတ်နေသူတစ်ယောက်၊ သူ့ဘဝဟာလည်း အမြဲတမ်း သူများတကာရဲ့ ဟိုးအပေါ်နားထိပ်ဘက်ဆီမှာ အကောင်းဆုံးအရာတွေ ပိုင်ဆိုင်ထား ထုံမွှမ်းထား အဆင်ပြေလျက်ရှိလေသည်။

ငယ်ဘဝကတည်းက မိဘနှစ်ပါးရဲ့ ဂုဏ်ဒြပ်နာအသည်သတင်းကြောင့် မင်းနရီက သူတကာရဲ့ ထိပ်နားမှာ ရပ်တည်ခဲ့ရသည်။ ဒီအဖြစ်ကို သဘောလည်းကျ၊ ကျေလည်းကျေနပ်၊ မက်လည်းမက်မောကာ ကိုယ်တိုင် အရွယ်ရောက်လာတော့လည်း လူတကာလေးစားအားကျရပြီး မော့ကြည့်ရနတဲ့အနေအထားမှာပဲ ရှိနေနိုင်အောင် အဘက်ဘက်က ကိုယ့်ကိုကိုယ် ဖြည့်ဆည်းခဲ့ သူ ဖြစ်သည်။

ပညာရေးအရာမှာ ကြည့်လိုက်လျှင် မင်းနရီဟာ မြန်မာပြည်ရဲ့ အတော်ဆုံး အမှတ်အများဆုံး လူတွေသာ တက်ရောက်ခွင့်ရတဲ့ ဆေးတက္ကသိုလ် အမ်ဘီဘီအက်စ် ဆရာဝန်ဘွဲ့ ကို ရရှိခဲ့သူ တစ်ယောက်ဖြစ်သည်။

ဘယ်နေရာကို ရောက်သွား ရောက်သွားမိန်းမလှလေးတွေရဲ့ မသိမသာ တစ်မျိုး၊ သိသိသာသာတစ်မျိုး ခိုးဂှက်ငေးမောခြင်းကို ခံယူရစမြဲဖြစ်တဲ့ ရှင်းသန့်ကြည်လင်သော ခန့်ညားသော ဥပတိရုပ်ကို ပိုင်ဆိုင်ပါသေးသည်။ မြန်မာဆန်ဆန်ပဲဝတ်ဝတ်၊ ဘိုဆန်ဆန်ပဲ ဝတ်ဝတ် ဘာနဲ့မဆို လိုက်ဖက်ပွဲတိုးနေတဲ့ သူ့ရဲ့ ဥပတိရုပ်ဟာ ဆွဲဆောင်မှု ရှိစွာ ထူးခြားနေသည်။

ကျောင်းပြီးသည့်နောက်တွင် ကိုယ့်ခြေထောက်ပေါ် ကိုယ့်ဘဝ ရပ်တည်မည်ဆိုတော့ မင်းနရီက စီးပွားရေးလောကထဲ ခြေစုံပစ်ဝင်လိုက်ပါသည်။ ဖခင်က စီးပွားရေးသမားတစ်ယောက် ဖြစ်နေပေမယ့် ဖခင်၏ လုပ်ငန်းခွင်ထဲ ပူးပေါင်းဝင်ရောက်လိုက်တာမဟုတ်။ ကိုယ့်အစွမ်းအစ ကိုယ့်စိတ်ကူးနဲ့ ကိုယ့်အဖေနဲ့ အမျိုးအမည်မတူတဲ့ စီးပွားရေးလုပ်ငန်းမျိုးကို ထူထောင်ခဲ့ခြင်း ဖြစ်သည်။ အဲဒီ တော့လည်း သူ့ရဲ့အောင်မြင်မှုတွေက တရိပ်ရိပ်ပင် ခပ်မြန်မြန်တိုးတက်ပြန်ကာ ငါးနှစ်အတွင်း ဦးမင်းနရီရယ်လို့ စီးပွားရေးလောက၌ ခေါင်းမော့နိုင်ပြန်လေသည်။

ခုတော့ မင်းနရီဟာ အသက်နှစ်ဆယ့်ကိုးနှစ်အရွယ် အစစအရာရာ အောင်မြင် ထွန်းတောက်နေသော အရွယ်ကောင်းကြွယ်တစ်ပွင့် ဖြစ်နေပြီ။ သူ့မှာ သူ့ပအသက်အရွယ်နှင့် သူ ရှိသင့်ရှိထိုက်သော ပြည့်စုံအောင်မြင်မှု အလုံးစုံနှင့်။

တစ်ခုပဲ လိုအပ်နေခဲ့သည်။ အဲဒါကတော့ ဘဂကြင်ဖော်၊ လက်တွဲဖော်၊ အိမ်ထောင်ဖက် ။

ဒါဟာလည်း မပြည့်စုံသေးတာပဲ ရှိပြီး အချိန်ကာလတစ်ခုမှာ ပြီးပြည့်စုံလာဖို့ ရွေးချယ်လျာထားပြီးသား ၊ သူလက်ထပ်ရမည့် မိန်းကလေးကို မင်းနရီက တက္ကသိုလ်ရောက်ကာစ ကတည်းက စတင်ရှာဖွေခဲ့သည်။ သူ့မိန်းကလေးကို သူဟာ အဘယ်သို့သော အချက်အလက်များနှင့် စတင်ရှာဖွေလိမ့်မည် ဆိုတာကို အထူးပြောစရာလိုမယ် မထင်။ သူ့ပေတံ သူ့စံနှုန်းဟာ ဟာကွက် ပြစ်ချက် ရှိလိမ့်မည် မဟုတ်။

တက္ကသိုလ် သက်တမ်း ခုနှစ်နှစ်၊ အလုပ်ခွင်သက်တမ်း သုံးနှစ်၊ စုစုပေါင်း ဆယ်နှစ်၊ ဆယ်နှစ်မျှသော အချိန်အတိုင်းအတာ အထိ စိတ်ရှည်လက်ရှည်နှင့် ဆန်ခါတိုက်ကာ စိမ်ပြေနပြေ ရွေးချယ်ခဲ့သည်။ သူ့ဆန်ကာကွက်က ကျဲလွန်း၍ တော်ရုံ တန်ရုံ ဂုဏ်ပုဒ်သေးသေးလေးမျှလောက်တို့ဟာ ဆန်ခါပေါက်မှ ပလုံ ပလုံနှင့် ဒလိမ့်ခေါက်ကွေး ယိုဆင်းကျကြသည်။

သူ့ဆန်ခါ အပေါက်ကျဲပေါ်မှာ တင်ကျန်နေနိုင်တဲ့သူ ဆိုတာ ရှာမှရှား။ တစ်ယောက်ပြီး တစ်ယောက် အပေါက်ကျွံကျကုန်၍ ကျန်မှ ကျန်ပါ့မလားပင် သူထင်ခဲ့မိသည်။ မကျန်လည်း နေပါစေ။ မင်းနရီကတော့ အကောင်းဆုံးဆိုတဲ့ အရာကိုသာ မျှော်လင့်ခဲ့တဲ့သူမို့ အကောင်းဆုံးမဖြစ်ရင်တော့ ရှိပါစေတော့။ လူပျိုကြီးပဲ ဖြစ်ရ ဖြစ်ရ။

သို့သော် သူ တွေ့ခဲ့ပါသည်။

"နန္ဒာနေခြည်"

နန္ဒာကို ကျောင်းတုံးကတည်းက စ သိခဲ့ပါလျှက် ကျောင်းအပြီး သုံးနှစ်အကြာမှ ဖွင့်ပြောခဲ့တာ။ ဒီကြားထဲမှာတော့ အဆက်ပြတ်နေတယ် မရှိအောင်

ကြိုးကလေးတစ်ချောင်းတော့ အမျှင်တန်းထားခဲ့ပါသည်။

လောလောဆယ် ဒပ်ဖရင်မှာ တာဝန်ကျနေတဲ့ "ဒေါက်တာနန္ဒာနေခြည်" ဆိုတဲ့ သူ့ချစ်သူသည် ရုတ်တရက်အတွေ့မှာ မူးမေ့ပါးစပ်အဟောင်းသား ဟ,ရအောင် လုပတဲ့သူတစ်ယောက်ဖြစ်ပါသည်။ ဖရက်ရှာကလေး အဖြစ်ဆေးကျောင်းရောက်လာကတည်းက သူကလေးကို ပိုးပန်းရဖို့ အရေးအနယ်နယ် အရပ်ရပ်က အကျောင်းကျောင်း၊ အဌာန ဌာန၊ လောကမျိုးစုံတို့မှ ပုရိသများ ကျောင်းမှာ ခြေချင်းလိမ်လိုက်ကြတာဆိုတာ။

ပါသွားတော့မလားလို့လည်း မင်းနရီက မပူပါ။ သူလည်း ချစ်နေမိသေးတာမှ မဟုတ်တာ။ ဒီလိုပါပဲ စောင့်ကြည့်ရင်းက ကျောင်းပြီးတဲ့အထိ အလုပ်ခွင်ထဲရောက်တဲ့အထိ ကိုယ့်လမ်းကြောင်း မသွေဖီ ဦးတည်ချက် ရည်မှန်းချက် ကြီးမားတာနဲ့အမျှ ဣန္ဒြေသိက္ခာလည်းကြီးမားလှသေးတဲ့ နန္ဒာ့ကို တစ်စတစ်စ အမှတ်တွေ ပိုမိုပေးလာမိခဲ့တာ။

စာမှစာလည်းဖြစ် ဣန္ဒြေသိက္ခာလည်းကြီးမှကြီး ဆိုသဖြင့် မျက်မှန်ကြီးထူထူ၊ ရုပ်ကြီးတည်တည်နှင့်မာရေကြောရေ ပေါင်းရသင်းရခက် အုပ်စုမျိုးတွင်လည်း နန္ဒာက မပါပေ။ ဣန္ဒြေသိက္ခာကြီးတာကလည်း တစ်ပိုင်း၊ မျက်နှာလေးချိုကာ ပေါင်းရသင်းရ ရည်မွန်ယဉ်ကျေး နူးညံ့သိမ်မွေ့တာကတစ်ပိုင်း ၊ ကျားကျား မမ နန္ဒာထံမှာ လူချစ်လူခင်ပေါ်များလှပါသည်။

နန္ဒာ့အဖေက သမားတော်ကြီး၊ အမေက တက္ကသိုလ်က ဒုတိယပါမောက္ခ၊ ငွေကြေးအရရော၊ ဂုဏ်ဒြပ်အရပါ ကြွယ်ဝပြည့်စုံတဲ့မိသားစု ။ တစ်မိသားစုလုံးဟာ အမည်းစွန်း အမည်းစက် နာမည်ပျက် မရှိဖူးသူ တကယ့် အထက်တန်းစား လူကောင်း လူတော်များ။ မိသားစုတင်မက သူတို့ တစ်ဆွေ တစ်မျိုးလုံးဟာ နာမည်ဂုဏ်ဒြပ်သတင်းမွှေး ပြည့်စုံကြွယ်ဝခြင်း၌ ရော ဆွေထုမျိုးထုနှင့်ချီ၍ ပြိုင်ဘက်ကင်းကြတဲ့သူတွေ။

အဲဒါအပြင် နန္ဒာဟာ မကြာခင် အမ်အက်စ်စီ အိုဂျီ ဖြေတော့မည်။ အောင်မှာလည်းသေချာသည်။ အောင်ပြီး MRC OG ဘွဲ့ ယူဖို့ အင်္ဂလန်ကို ထွက်ခွာမည်။ ပြီးလျှင် မြန်မာပြည်ကို ပြန်လာကာ အောင်မြင်သော သားဖွားမီးယပ်ပါရဂူ ဆရာဝန်မကြီးအဖြစ် ရပ်တည်မည်။ သူ့ရည်မှန်းချက်အတိုင်းလည်း ကြိုးစားသည်။

အဲဒါတွေထက် အရေးတကြီးဖြစ်တဲ့ အချက်ကတော့ အဲဒီ နန္ဒာနေခြည်က မင်းနရီကို နှစ်သက် လိုလားလေသည်။ သူတို့ နှစ်ဦးအကြားက တစ်ဦးကို တစ်ဦး အထင်ကြီးလေးစားမှု လိုလားနှစ်သက်မှုတို့က အခြား ဘယ်စုံတွဲနဲ့မှ မတူနိုင်အောင်ဖြစ်သည်။ အသည်းနှလုံးဆိုတဲ့ ကိစ္စတစ်ခုထက် ကိုယ်ဆုံတွေ့ဖူးစာဖက်ရမယ့် အိမ်ထောင်ဖက်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း၊ ကြည့်နူးနှစ်သိမ့်ခြင်း၊ ကျေနပ်နှစ်ခြိုက်ခြင်းတို့နှင့် တစ်ဦးကို တစ်ဦးလက်လွှတ်မခံနိုင်၊ လမ်းခွဲ မခံနိုင်၊ အဝေးမခံနိုင်အောင် လိုအပ်ကြသည်။ မင်းနရီရဲ့ အချစ်ကို လက်ခံတုံ့ပြန်ခဲ့တာ တစ်နှစ်ကျော်ပြီ၊ နန္ဒာ မိဘတွေရော၊ မင်းနရီမိဘတွေကရော နှစ်ဘက်လုံးကလည်း သဘောတူထားပြီး ဖြစ်၍ နောက်နှစ်ပတ်အကြာမှာ စေ့စပ်ကြောင်းလမ်းပွဲ အခမ်းအနားကို ကျင်းပဖို့ရာ စီစဉ်ပြီးပါပြီ။

အဲဒီ ရဲ့နောက် သိပ်မကြာခင် နန္ဒာ့ရဲ့ အမ်အက်စ်စီ စာမေးပွဲနှင့် ညှိနှိုင်းပြီး သူတို့နှစ်ယောက် လက်ထပ်ကြမည်။ လက်ထပ်ပြီးမှ နန္ဒာက အင်္ဂလန်ကို ထွက်ခွာမှာဖြစ်သည်။ သူလက်ထပ်ရမည့် သူ့ချစ်သူ၊ သူ့ဇနီးလောင်း အတွက်လည်း မင်းနရီ ထာဝစဉ် ဂုဏ်ယူကျေနပ်ပါသည်။ ပြောစရာမရှိတဲ့ ချစ်သူလေး။ ထောက်ပြစရာ ဘာပြစ်ချက်မှ မရှိတဲ့ ဇနီးလောင်းလေး။

ကမ္ဘာပေါ်မှာ မင်းနရီလောက် အဘက်ဘက်က ပြည့်ပြည့်စုံစုံ ကံကောင်းတဲ့သူ၊ အဆင်ပြေတဲ့သူဆိုတာမျိုးဟာ အလွန်ရှားပါးမှာ ဖြစ်ပါသည်။ တစ်ချက်မဟုတ် တစ်ချက်၊ တစ်ဖက် မဟုတ် တစ်ဖက်လူဆိုတာ

အားနည်းသွားနိုင်တာပဲ။ သူကတော့ ဒီလိုမဟုတ်။ သူ့ဘ၀ သူ့အနေအထားကို ထာ၀စဉ် ကျေနပ်ဂုဏ်ယူနေသော မင်းနရီသည် လမ်းလျှောက်လျှင်ပင် ရင်ကော့၍ မတ်နေသူမျိုးဖြစ်သည်။

ဟိုတယ်ရဲ့ လောဘီက ဗေဒါခုံဝိုင်းဝိုင်းကြီး တစ်ခုမှာ ခြေကိုချိတ်ကာ သက်တောင့်သက်သာ ထိုင်နေသော မင်းနရီရဲ့စတိုင်ဟာ သူတကာနဲ့ကိုမတူ ထူးခြားထည်ဝါလို့ နေပါသည်။ မင်းနရီက ထွန်းကျော်စွာကို စောင့်ရင်း ဖုန်းခလုပ်တစ်ချို့ကို နှိပ်လိုက်ပါသည်။

"ဟယ်လို"

"ဟယ်လို . . . အန်တီ၊ ကျွန်တော် မင်းနရီပါ"

"အော် ... အေး... သား၊ ပြော "

"နန္ဒာ နိုးပြီလား အန်တီ၊ လန်းဆန်းပြီလား၊ မနေ့က သူကွမ်တီဖိုးအာ၀ါ ဂျူတီယူရမှန်းသိလို့ ကျွန်တော် နန္ဒာ့ကို ဟိုတယ်ကို မခေါ်တော့တာ၊ နန္ဒာ နိုးပြီဆိုရင် စကားပြောချင်လို့ပါ၊ အရေးတကြီးတော့မဟုတ်ပါဘူး၊ ဒီမှာ ဒီနေ့ ငွေချေတော့မှာမို့ နန္ဒာ ဘာထပ်ပြောချင်တာ ရှိသေးလဲ မေးမလို့ပါ။"

နောက်နှစ်ပတ်အကြာမှာ ကျင်းပမည့် သူတို့ရဲ့ စေ့စပ်ပွဲအတွက် ကျသင့်ငွေထဲမှ ကြိုတင်ငွေအချို့ကို ဒီနေ့ပေးချေရမှာဖြစ်သည်။

နောက်နှစ်ရက်ဆိုရင် ဖိတ်စာလည်းရွေးပြီ၊ စေ့စပ်ပွဲ ဆိုပေမယ့် ဖိတ်စာတစ်ရာ ရိုက်ကာ နှစ်ရာငါးဆယ်လောက် ကြွရောက်ဖို့ ခန့်မှန်းထားတဲ့ပွဲ ဖြစ်သည်။

"ဩော်. . . အေးပေါ့၊ သား မသိသေးဘူးကိုး၊ နန္ဒာ အိပ်ဖို့နေနေသာသာ ခုထိဆေးရုံက ပြန်မလာရသေးဘူး သားရေ"

"ခင်ဗျာ"

"တွမ်တီဖိုးအာဝါ မကဘဲ သာတီစစ်စ်အာဝါ အထိ ဖြစ်သွားမယ်ထင်တယ်"

"ဟာ. . . ဒါတော့ ဘယ်ကောင်းမလဲ အန်တီ၊ နန္ဒာ တအားပင်ပန်းနေမှာပေ့ါ"

"ဒါတော့ ဒါပေ့ါ အန်တီတော် ခနတစ်ကြိမ် ဖုန်းဆက်သေးတယ်၊ အမယ်လေး . . . သားရဲ့ နန္ဒာက အလုပ်ပိလို့များ ညှိုးနွမ်းမယ် မရှိပါဘူး၊ သွက်သွက်လက်လက်ပဲ ရှိသေးတယ်"

"ဘာလို့ ဒီလောက်တောင် ဂျူတီတွေ ဆက်ယူနေရတာ လဲ မသိပါဘူး"

"သူ့မမ ရိစလင်းက မနေ့က ချော်လဲတယ်၊ ပေါင်ရိုးကျိုးတယ်၊ လုံးဝ Completely bed rest ယူနေရတယ်။ ဒေါက်တာ ခင်စောမူက မနေ့ညကပဲ သူ့အမေဆုံးသွားရှာတယ်လို့ ခွင့်ယူတယ်၊ လဲ့လဲ့လေးက သူ့အမေဆီကို သုံးရက်ခွင့်ပြန်တာက ဒီညနေမှ ပြန်ရောက်မှာ သားရေ့၊ ကဲ ဖြစ်ပုံကို ကြည့်ဦး၊ လူမှ မရှိဘဲနဲ့၊ လူအင်အားနည်းပါတယ် ဆိုမှ ဗိုက်အင်အားက ပြုံကျလာတာ၊ မနည်းမနောပဲတဲ့၊ ညကည်းတစ်ရေးမှ မအိပ်ရသေးဘူးတဲ့၊ OT (ခွဲခန်း)ဝင်လိုက်ရတဲ့ Caso က နှစ်ခုတဲ့၊ တစ်ခုက ဘာဖြစ်လို့ဆိုလား စောင့်ကြည့်နေရတုန်းတဲ့၊ ဒေါက်တာလဲ့လဲ့ အိမ်ကိုတော့ ရောက်တာနဲ့လာဖို့ ဖုန်းလှမ်းဆက်ထားပြီးပြီ၊ ဒီညနေဒေါက်တာစံပယ်ဝင်းလည်း လာမယ်ဆိုတော့ စောခေါ်လိုက်ပြီး သူ ခဏနေ ပြန်မယ်တော့ ပြောပါတယ်"

"အား. . . အရမ်းပင်ပန်းနေပြီပေ့ါ၊ နန္ဒာ နားမှဖြစ်မယ်၊ ကျွန်တော်လည်း ဖုန်းဆက်လိုက်ဦး မယ် အန်တီ၊ ပြန်ဖို့ နည်းနည်းလောလိုက်ဦးမယ်"

"အေး . . . အေး ပြောလိုက်ဦး သား"

"ဒါဖြင့် ... ဒါပါပဲ အန်တီ"

“အေး. . . သား ကောင်းပြီ”

မင်းနရီ မျက်မှောင်ကုတ်ကုတ်နှင့် ဖုန်းပိတ်လိုက်စဉ် သူ့ရှေ့ကို ထွန်းကျော်စွာ ရောက်လာပါသည်။

“ဆောရီပါကွာ . . .နရီရာ၊ ငါအောက်ဆင်းစောင့်နေပြီကွ၊ လူတစ်ယောက်လာတာနဲ့ ကိစ္စလေးတစ်ခု စီစဉ်ပေးနေရတာ ”

“အေးကွ. . .မင်း မအားရင်တောင် ငါက အောက်ကငွေသွင်းရမယ့် နေရာမှာပဲ သွင်းလိုက်ပြီး ပြန်တော့မလို့ မင်းဆီဖုန်းလှမ်းဆက်တော့မလို့”

“ဟာ. . .ငါလိုက်သွင်းပေးမှာပေ့ါကွာ၊ မနန္ဒာရော မပါဘူးလား”

“ဂျူတီကွာ၊ ခုပဲ သူ့အမေနဲ့ ပြောနေတာ၊မနေ့က တွမ်တီဖိုးအာဝါ ဆင်းရတယ်ဆိုပြီး နားစေချင်လို့ မခေါ်လာတော့တာ၊ သူက ဆေးရုံမှာ လူမရှိလို့ ဆက်တိုက်ဝင်ပေးနေတာ ခုထိမပြန်ရသေးဘူးတဲ့ကွာ”

“ပင်ပန်းတယ်နော်၊ ဆေးရုံမှာလည်း မလွယ်ဘူးနော်”

“အေးကွ”

“မင်းပဲ ကောင်းတယ် မင်းနရီရာ၊ ကိုယ့်အလုပ်ကိုယ် ဆိုတော့အေးဆေးပဲ”

“ဒီလောက်ကြီးတော့လဲ မအေးဆေးပါဘူးကွာ၊ မင်းတို့က ပိုအေးဆေးပါတယ်၊ အချိန်တန်ရင်ဒေါ်လာလေးနဲ့ လခထုတ်လိုက်၊ ငြိမ့်လိုက်နေတာပေ့ါ”

“ဟား . .ဟား မင်းက ပြောရသေးတယ်၊ ကိုယ်ပိုင်အလုပ်သာရှိရင် ကိုယ်ပိုင်ပဲ လူတိုင်းလုပ်ချင်ကြတာပေ့ါကွာ၊ ကဲ. . .လာ ငွေသွင်းမယ့်နေရာ ငါလိုက်ပို့ပေးမယ်”

မင်းနရီက ထ ရပ်ကာ ထွန်းကျော်စွာဘေးမှ

ယှဉ်လျက်လိုက်ပါလာခဲ့သည်။ ငွေစာရင်းဌာနရုံးခန်းထဲ မှန်တံခါးတွန်းဖွင့်ဝင်သွားကာ ထွန်းကျော်စွာကပဲ ဟိုဘောင်ချာစာအုပ်ယူခဲ့ ဒီစာအုပ်ယူခဲ့နှင့် ခပ်သွက်သွက်ခိုင်းကာ မင်းနရီကု ငွေသွင်းစေသည်။ တကယ်တော့ ဒီကိစ္စတွေက ထွန်းကျော်စွာနှင့်မဆိုင်ပါ။ သို့သော် ဒီဟိုတယ်ကို မင်းနရီနဲ့နန္ဒာနေခြည်က ရွေးချယ်လိုက်ပြီးတဲ့နောက် မင်းနရီရဲ့သူငယ်ချင်း ထွန်းကျော်စွာသည် ဟိုတယ်မှာ ရာထူးတစ်နေရာထိုင်ကာ ရှိနေတာ သတိတရ ဝင်နှုတ်ဆက်ရင်းက နောက်ပိုင်းကိစ္စတွေ သူက ဝင်ကူညီပေးနေတာသာဖြစ်ပါသည်။

“မင်း ဟိုတစ်နေ့က ပြောပြတဲ့အတိုင်း အဆင်အယင်အခင်းအကျင်း အားလုံးပြည့်စုံဖို့ ပြီးတော့ ပန်းကလည်း နန္ဒာပြောသွားတဲ့ ကာနေးရှင်းပန်းအနီရဲတွေဖြစ်ဖို့၊ ပြီးတော့ အစားအသောက် စားတဲ့အချိန်မှာ ပီယာနိုတစ်လုံးနဲ့ ပီယာနစ်စ် တစ်ယောက်”

“ဩော် . . .အားလုံး စိတ်ချစမ်းပါ နရီရာ၊ အဲဒီ နေ့ကျ ငါလည်း မနက်ခုနှစ်နာရီခွဲလောက်ကတည်းက ရောက်နေပ့ါမယ်ဆို၊ မင်းတို့ပွဲက ကိုးနာရီခွဲ ဆယ်နာရီစမှာ၊ ငါ အားလုံး တစ်ထပ် စစ်ပေးပ့ါမယ်၊ ဒီကြားထဲလည်း လိုအပ်တာရှိသေးရင် င့ါဆီ ဖုန်းဆက်လို့ရသေးတာပဲ၊ စိတ်အေးအေးထား စိတ်ချစမ်းပါ နရီရာ”

မင်းနရီက သူစိုးရိမ်စိတ် စိတ်ဇောနေတာတွေအတွက် ရှက်ပြုံးတစ်ချက်နှင့် ခေါင်းကိုသာ အသာအယာ ညိတ်လိုက်ပါသည်။

“မမစပယ်က သူထွက်လာနေပြီလို့ ဖုန်းဆက်ပါတယ် မနန္ဒာ”

“ဟုတ်လား ကောင်းတာပေ့ါကွယ်၊ ဒီမှာ လူမရှိတာ သူသိသွားသလား၊ ဟုတ်လား။ တို့က သူ့ကို လှမ်းဆက်ဖို့ အားနာနေတာ”

“မမ ရှိစလင်း လှမ်းဆက်တယ်လို့ ပြောတယ် မနန္ဒာ”

“ဩော်”

သူ့ဝါဒ်က မမ သည် လူတစ်ဖက်သားအတွက်လည်း အင်မတန် သိတတ် ညှာတာတတ်သူ ဖြစ်ကာ သူ့ဝေဒနာနဲ့သူ ပေါင်ရိုးကျိုးကြီး အိပ်ယာထဲပက်လက်ဖြစ်နေတာတောင် ဟိုဟိုဒီဒီ ဖုန်းတစ်လုံးနဲ့ လျှောက်ဆက်နေပြီး အဆင်ပြေစေဖို့ စီစဉ်နေပါသေးသည်။

နန္ဒာသည် ကိုယ်တိုင်ဝါသနာကြီးမားလှတဲ့ ပညာရပ်နယ်ပယ်လည်းဖြစ်နေ၊ အလုပ်များနေရာတာကိုပဲ ပျော်ရွှင်နေတတ်ကာ အလုပ်ရှုပ်လေ အတွေ့အကြုံပိုလေလို့ သတ်မှတ် သဘောထားတတ်တဲ့သူဖြစ်နေလို့သာ မျက်နှာမပျက်တာပဲ ဖြစ်သည်။ လူက အတော်ကို ပင်ပန်း နွမ်းနယ်နေပြီ။

ဟိုးအရင်တုန်းကလည်း တစ်ခါတစ်ခါမှာ ဂျူတီက နှစ်ဆယ့်လေးနာရီ ကျော်သွားတာမျိုး ရှိခဲ့ဖူးသည်။ သို့ပေမယ့် မနေ့ညကလောက် အလုပ်ရှုပ်တာမျိုး ပင်ပန်းတာမျိုးတော့ တစ်ခါမှ မကြုံဖူးပေ။ ပြေးလွှားလိုက်ရတဲ့ တတောက်လျှောက် ခြေတွေသည် ဆွဲဆန့်လို့ရရင် ဘယ်နှစ်မိုင်လောက်များ ရှိသွားမယ် မသိနိုင်ပေ။

“ဗိုက်တွေက ပြုကျ၊ အဲဒီ ထဲမှာ အရေးတကြီး အသက်လုရတဲ့ ကေစ့်က နှစ်ခုလောက်ပါကာ ခုနကအထိ လူနာတစ်ယောက်က Bleeding တွေ မနားတမ်း ရနေတုန်း၊အင်း. . . ရင်မောလိုက်တာ၊ လူမှာ အစာမရှိတာလည်း ပါသည်။ ခါတိုင်း နိုက်ဂျူတီက ထွက်လျှင် နန္ဒာသည် ဆေးရုံနှင့် မလှမ်းမကမ်းက ဒေါ်စိန်မုန့်ဟင်းခါးမှာပြီး စားနေကျ။ မိုးလင်းလို့ မုန့်ဟင်းရည်ကျက်ပြီ ဆိုတာနဲ့ ဆေးရုံက အလုအယက် မှာစားကြပြီ။”

ခုတလောတော့ ဒေါ်စိန်မုန့်ဟင်းခါး ခမျာ နေထိုင်မကောင်းဖြစ်နေရှာကာ မုန့်ဆိုင်လဲ မဖွင့်နိုင်ပါ။ မနက်ကတော့ နန္ဒာ့အတွက် မုန့်ဟင်းခါးကို အပေါက်စောင့် ကောင်ကလေး ဘယ်ကသွားဝယ်သလဲ မသိ၊ ချွဲတိ

ချဲ့ပစ် နှင့်အတော် အော်ကလီဆန်ဖို့ ကောင်းတဲ့မုန့်ဟင်းခါးကို နန္ဒာ တစ်လုပ်ထက်ပိုမမျိုချနိုင်။

တစ်ညလုံး ပင်ပန်းမူးနောက်နေတာမို့ မုန့်ဟင်းခါး အရသာက ပိုဆိုးသွားသလားတော့ မသိပါ။ နန္ဒာ့မှာ အန်ချင်သလိုလို တောင်ဖြစ်သွားပြီး မူးနောက်သွားမတတ် ဖြစ်ရသည်။ နန္ဒာ မုန့်ဟင်းခါး မစားနိုင်မှန်းသိ၍ ခဏအကြာမှာ စစ်စ်တာက ကော်ဖီမစ်တစ်ခွက်နှင့် လက်သီးဆုတ်လောက် ဘီစကစ်လေးတစ်ထုတ် လာပေးပါသည်။ ဘီစကစ်တော့ မစားနိုင်၊ ကော်ဖီမစ်တော့ သောက်လိုက်သည်။

တကယ်ဆို နန္ဒာက ကော်ဖီသောက်လေ့မရှိသူ၊ တတ်နိုင်သလောက်ရှောင်သည်။ ဘာမှ စားစရာမရှိ သောက်စရာမရှိဘူးဆိုမှပဲ ကော်ဖီကို ကြိုးစားသောက်ကာ။ မနက်ခုနှစ်နာရီက ကော်ဖီ တစ်ခွက်ဟာ နေ့လည်ထမင်းစားချိန်ကျတော့ ရင်ကို လေခံနေစေပြန်ခဲ့သည်။ အဲသလိုနဲ့ နန္ဒာစားဖို့ သွားမှာပေး ဝယ်ပေးတဲ့ ထမင်းနှင့်ပုဇွန်ဘော့ဂျိန် ငရုပ်သီးစပ်စပ် ဟင်းလေးကိုလည်း နန္ဒာ သိပ်မစားနိုင်ပြန်။

နန္ဒာသည် ကိုယ့်ဂျူတီတွေကို ဘယ်တော့မှ ခြင်းကြီးခြင်းငယ်နှင့် မလာတဲ့သူဖြစ်သည်။ ရိုးရိုးပုံမှန်နေ့တွေမှာ ထမင်းဘူး ယူသော်လည်း နိုက်ဂျူတီဆို ပြီး ဘာမှထပ်ထူးမသယ်လာ။ ကော်ဖီ ကိုလည်း မကြိုက်သူမို့ သယ်နေဖို့မလို၊ သူများတွေ ကြိုက်ကြ သယ်ကြတဲ့ လက်ဖက်တို့ ဘာတို့ နန္ဒာက မကြိုက်တတ်ပြန်။

ထို့ပြင် နန္ဒာက ကိန်းကြီးခန်းကြီးလည်း မနိုင်တတ်တာ။ ရှိတာ ရှာတာလည်း မရှိ။ ကြုံသလို စားသောက်နိုင်သူအဖြစ် ဆရာဝန် ဆရာမတွေအားလုံး ချီးကျူးရတဲ့သူမျိုးတောင်ဖြစ်သည်။

ထို့ကြောင့် အစားအသောက်အတွက် တကူးတက ကြိုတင်ပြင်ဆင်တာမျိုး မရှိတတ်ခဲ့ရာ ဒီနေ့အဖို့တော့ စားသမျှ ပါးစပ်ထဲ

မကောင်းဘဲ လူက မူးနောက်နုံးခွေနေပြီ။

“တီတီ . . .တီတီ”

နန္ဒာက နားနေခန်းထဲ ထိုင်နေရင်းက ဂျူတီကုတ် အိတ်ထဲက ဖုန်းကိုထုတ်၍ နားထောင်လိုက်ပါသည်။

“ဟယ်လို”

“နန္ဒာ”

“ဩော် . . . ကိုမင်း . . .ပြော”

“ဟာ . . .ဘာဖြစ်လို့ ဒီလောက်ထိ ဆက်တိုက်ဖြစ်နေရတာ လဲကွာ၊ နန္ဒာ အရမ်းပင်ပန်း နေပြီ၊ ရှိတဲ့တစ်ယောက်ကပဲ သိမ်းကျုံးတာဝန်ယူပြီး မပြန်ရဘဲ နေပေးနေရတာ တော့ ဘယ်အလုပ် ဟုတ်ဦးမလဲကွာ”

နန္ဒာက မင်းနရီရဲ့ ကမူးရှူးထိုး ဒေါသံပွပွကို သဘောတကျနှင့် တလွင်လွင် ရယ်နေလိုက်ပြီး မှ …

“အေးလေ နော၊ အားလုံး ဝိုင်းဆိုးကြတယ်၊ တစ်ခါတည်း”

မင်းနရီကို နောက်နေလိုက်သေး၍ မင်းနရီက ပိုပြီးစိတ်တိုလာပုံရာ …

“ဘယ်ကောင်းမလဲကွာ၊ နန္ဒာက ဒီလိုချည်း သည်းခံမနေနဲ့လေ၊ ဂျူတီဆိုရင် လုံး၀ မရှောင်ဘူး၊ မလွှဲဘူး ဆိုတာကို နန္ဒာက တအားဂုဏ်ယူတတ်တာပဲ၊ ဒီချက်ကောင်းကိုသိတော့ ကြုံရာလူက နန္ဒာကို ပုံပုံချတာပဲ”

“အခုကတော့ လာစရာ၊လူကိုမရှိတာ ကိုမင်းရေ့”

“မရှိ ရှိတာ စီစဉ်ရမှာပဲ၊ နန္ဒာက စက်ရုပ်မှ မဟုတ်တာ”

“ဟုတ်တယ်၊ အတော်ဖလက်ပြနေပြီ၊ ဒါပေမယ့် မစပယ်က ခုပဲ

လာတော့မှာပါ၊ ဖုန်းတောင် လှမ်းဆက်ပြီးပြီ”

“တကယ်လား”

“တကယ်ပါ၊ မမ အိပ်ယာထဲ ဒဏ်ရာတစ်ဖက်နဲ့ ဖုန်းတွေလျှောက်ဆက်ပုံရတယ်၊ နန္ဒာ တစ်ယောက်ထဲရှိတာ သိပြီး နောက်ဆံတွေ တင်းနေတာ၊ သနားပါတယ်၊ မစပယ်က စောဝင်လာမယ်၊ လှဲ့လေးကလည်း ဒီညနေခွင့်ပြန်ရောက်မှာ၊ ရောက်တာနဲ့ ဆေးရုံကိုလာဖို့ မခင်စောမူ ကိုယ်စားဝင်ဖို့ အကြောင်းကြားထားပြီးသားပါ၊ ကိုမင်းရဲ့ မကြာခင် ရှေ့ဆင့် နောက်ဆင့် ရောက်လာကြတော့မှာပါ စစ်ကူတွေ . . .စစ်ကူတွေ”

“နန္ဒာက ရယ်နေနိုင်ပေမယ့် ကိုယ်ကတော့စိတ်တိုနေတာပဲ။ နန္ဒာက မငြင်းတိုင်းလည်း နန္ဒာကိုချည်း ဖိခိုင်းနေကြလို့ ဘယ်ဖြစ်မလဲ”

“ခုဟာက ဒီဝါဒ့်မှာ လူကိုမရှိတာ ဖြစ်နေလို့”

“နန္ဒာက ဘယ်တော့ ပြန်ရမှာလဲ”

“နောက် တစ်နာရီ အလွန်ဆုံးပေ့ါ ကိုမင်း”

“ကျွတ်”

“ကိုမင်း ဘာပြောစရာရှိလို့လဲ”

“ဘာမှ အထူးအထွေ ပြောစရာမရှိပါဘူး နန္ဒာရယ်၊ ဒီနေ့ ကိုယ် ဟိုတယ် ရောက်တယ်၊ ခုပဲ ပြန်လာတာ၊ ငွေသွင်းခဲ့တယ်။ အဆင်ပြေပါတယ်။ နန္ဒာ တစ်ခုခု လိုချင်ရင် ဒီကြားထဲရက် လာပြောရင် ရသေးတယ်”

“ဘာမှ ပြောစရာလိုချင်တာ မရှိတော့ပါဘူးနော် ကိုမင်း”

“ကဲ . . .မစပယ် ရောက်တာနဲ့ နန္ဒာပြန်နော်၊ အိမ်ကျ ရေနွေးနဲ့ ရေချိုးလိုက် နွားနို့တစ်ခွက်သောက် အိပ်တော့ နားတော့၊ ကိုယ်လည်း ဒီည မလာတော့ဘူး နော် နန္ဒာ”

"အင်း . . .အင်း"

"ဒါပဲနော်"

"ဟုတ်ကဲ့ ကိုမင်း"

နန္ဒာက ဖုန်းလေးကိုပိတ်ကာ မျက်နှာကလေး ပြုံးကျန်ရစ်ခဲ့ပြီး သူ့စားပွဲမှ ထ လိုက်ပါသည်။ အခြေအနေကို စောင့်ကြည့်ရမယ့် အရေးကြီးတဲ့ လူနာတွေကို သွားကြည့်ကာ တခြားလုပ်ရမယ့် လိုအပ်နေသူတွေဆီလည်း လှည့်ပတ်ကြည့်လိုက်ပါသေးသည်။ အလုပ်နှင့် ပတ်သက်လျှင် ဒူပေဒါပေ အပင်ပန်းခံတာ နန္ဒာ့ဝါသနာပင်။ ထိုင်ရာကမထပဲ ပါးစပ်က လှမ်းမှာတတ်တဲ့ ဆရာဝန်မျိုးလည်း မဟုတ်ပေ။

"နန္ဒာရေ . . . မစပယ် ရောက်ပြီ"

"ဟုတ်လား"

နန္ဒာက ဝါဒ်ထဲက သွေးပုလင်းချိတ်ထားတဲ့ လူနာတစ်ယောက်ရဲ့သွေးပုလင်းကို အစက်ချ အနှေးအမြန် အသေအချာညှိပေးခဲ့ပြီး ဆရာဝန်များအခန်းဘက် ပြန်လျှောက်လာခဲ့သည်။

"ဟဲလို . . .ငါ့ညီမလေး သိပ်ပင်ပန်းနေပြီ သတင်းကြားတယ်၊ ဒီလောက်လည်း မနက်ကတည်းက ခေါ်ရောပေ့ါဟယ်"

"မမ စပယ် ညနေလာမှာပဲဟာ၊ အဲဒါကြောင့် စောခေါ်မနေတော့တာပါ"

"ကဲ . . . ပြန်ပြန်၊ မျက်ကွင်းတွေ တောင် နည်းနည်းကျချင်ပြီ၊ တစ်မှေးတောင် နားလို့ မရလိုက်ဘူးလား"

"လုံးဝကို မမှေးလိုက်ရတာ မမစပယ်ရေ၊ ကဲ. . . ဒါဖြင့် နန္ဒာ ပြန်တော့မယ်နော်"

နန္ဒာက ဒေါက်တာစပယ်ဝင်းကို မှာစရာရှိတာမှာ၊ ပြောစရာရှိတာ

ပြောပြ၊ လက်လွှဲစရာရှိတာ လက်လွှဲအပ်၊ အရေးကြီးနေတဲ့ လူနာ အခြေအနေရှင်းပြ။ ဒါတွေပြီးလျှင် သူ့အိတ်ကလေး၊ ခြင်းကလေးတွေ ကောက်ယူကာ အားလုံးကို နှုတ်ဆက်ရင်း ဝါဒ့်ထဲ မှ ထွက်လာခဲ့ပါတော့သည်။

ဆေးရုံအောက်မှာ ရပ်ထားတဲ့ နန္ဒာ့ရဲ့ကားကလေးပေါ်တက် စက်နှိုးတော့ စက်က အလွယ်တကူ မနိုး၊ နန္ဒာ့ကားက အထ နှေးရတဲ့အပြင် နာရီသုံးဆယ်ကျော် စက်မနှိုးဘဲ ရပ်ထားတာဖြစ်၍ လည်း ပေးကပ်ကပ် လုပ်နေပါသေးသည်။ နန္ဒာက ကားအစွဲရှိ၍ ကားတစ်စီးကို တော်ရုံနှင့်မလဲ။ ဒီကားကို ကိုမင်းက လဲခိုင်းနေတာ ကြာပြီ၊ ကားကလေးက လှပေမယ့် နည်းနည်းကျနေပြီတဲ့။

နန္ဒာကသာ အီးရော အီးရော နှင့် ခုထက်ထဲ မလဲဖြစ်သေးတာ။ နန္ဒာက ကားကို မောင်းထွက်သွားရင်း ငြီးနောက်နောက်နှင့်မို့ အဲကွန်းခလုတ်ကို လှမ်းဖွင့်လိုက်သည်။ အင် ... အဲကွန်းကလည်း သိပ်မအေးတော့သလိုပဲ။ ဘာလုပ်ဖို့ လိုသလဲ မသိ။ နန္ဒာသည် ကားကို မောင်းသာ မောင်းတတ်၍ ဘာမှနားမလည်။

ကားမှန်တွေ ပိတ်ထားပြီး အဲကွန်းက မအေး၍ လှောင်သလိုလို အိုက်သလိုလို မူးသလိုလို ဖြစ်လာပါသည်။ ဘုရားရေ . . .။ နန္ဒာသည် မိုက်ခနဲ ပြာဝေသွားတဲ့ မျက်လုံးကို ပြူးကျယ်ကာ ပုတ်ခတ် ပုတ်ခတ် သုံးလေးချက်လုပ်လိုက်ပြီး ကိုယ့်ကိုကိုယ် ဘာဖြစ်မှန်းမသိဘဲ အံ့အားတသင့် အငိုက်မိနေသည်။

ခြေကုန် လက်ပန်းကျ ပင်ပန်းလွန်းအားကြီးနေတာတော့ မှန်သည်။ ဒါပေမယ့် ရုတ်တရက် ချွေးစေးတွေပြန်ကာ အေးစက်ကာ အမြင်အာရုံ ပြာလာရတာ က ဘာကြောင့်လဲ။ ပရက်ရှာကျ တာမျိုး၊ ဟိုက်ပိုဂလိုက်စီးမီးယား (သွေးတွင်းအချိုဓါတ်ကျ) မျိုး ဖြစ်တာထင်ပါရဲ့ ... ဘုရားရေ။ နန္ဒာ သည် စတီယာရင်ကိုင်တဲ့လက်တွေ မမြဲသလို အားမရှိသလို ရုတ်တရက် ဟာတာတာ တုန်လှုပ် လှုပ်လှုပ်မူးဝေသွားပြန်ပြီး ဘာမှ မမြင်ရတော့သလို

အမြင်အာရုံပျောက်ဆုံးသွား လေသည်။

*

# (၂)

“ဒေါ်ဒေါ်မြိုင်”

“ဟော . . . ဘယ်သူလဲ ၊ ကကြိုးလား”

“ဟုတ်ကဲ့”

ဘေး သစ်သားလှေကားလေးမှ တက်လာသော ကကြိုးသည် အပေါ်ထပ်ရဲ့ သံဆန်ကာအစိမ်းကွက်ထပ် တံခါးကလေးကို တွန်းဖွင့်ဝင်လိုက်ချိန်တွင် ဒေါ်အေးမြိုင် နောက်ဖေးဘက်မှ ထွက်လာချိန် အံကိုက်ပင်။

“သမီး မဝင်တော့ဘူး၊ အိမ်မှာ ကင်ပွန်းရွက်နဲ့ ဇရစ်နဲ့ရော ကြော်တာချက်လို့ ဂသုန် ထမင်းပြန်စားရင် စားရအောင် ဒေါ်ဒေါ်မြိုင် ၊ ငရုတ်သီးစပ်စပ်လေးနဲ့ သုပ်အကြိုက်ပဲ”

“အေး . . .အေး၊ ထားခဲ့”

ကကြိုးက ပန်းကန်သေးသေးလေးကို ဒေါ်အေးမြိုင်လက်ထဲ ထည့်ရင်း . . .

“ဦးလေးကျော်ရော သက်သာလား ဒေါ်ဒေါ်မြိုင်”

“အေး . . . သက်သာပါတယ်၊ ခြေထောက် ထောက်နိုင်နေပါပြီ သက်သာပါမှပဲ နို့မို့ဆိုရင် ဂသုန် ပင်ပန်းလှတယ်”

"ဟင် . . .ဟိုမှာ ဂသုန်လာပြီ ဒေါ်ဒေါ်မြိုင်"

လမ်းလျှောက်ဝင်လာရင်းက သူ့အိမ်အပေါ်ထပ်အဂမှာ ကကြိုးကို တွေ့လိုက်ရ၍ တစ်ထစ်ကျော် ခုန်ပေါက်တက်လာသော မြေဂသုန်ကို သူ့အမေက မျက်စောင်းလှမ်းရွယ်ရင်း . . .

"အောင်မလေး . . .ဖြေးဖြေးလုပ်ပါ ဂသုန်ရယ်"

"ကကြိုး . . .ဘာလဲ ၊ ဘာစားဖို့ပါလဲ"

"ကင်ပွန်းချဉ်ရွက်နဲ့ ဇရစ်ကြော်တာလေ၊ ငရုတ်သီးစိမ်းတောင့်လေးတွေနဲ့ ဂသုန်ကြိုက်တဲ့ ဥစ္စာလေ"

"အား. . .အတော်ပဲ ဗိုက်ဆာလာတာနဲ့၊ မေမေ . . .သား ထမင်းစားတော့မယ်နော်"

"အေး. . .အေး"

ဒေါ်အေးမြိုင်က ဟင်းပန်းကန်ငယ်လေး ကိုင်ရင်းနောက်ဖေးဘက်ဝင်သွားလျှင် မြေဂသုန် က ကကြိုးရဲ့လက်ကိုဆွဲပြီး သူတို့အိမ်ရဲ့ ခါးပန်းအဆင့်လေးမှာ ထိုင်စေလိုက်ပါသည်။

"ဘာလဲ . . . ဂသုန်"

"ကကြိုး . . . ငါ နိုင်ငံခြားသွားရင် ကောင်းမလားလို့"

ကကြိုး က မျက်လုံးလေးဝိုင်းကာ ဂသုန့်ဘက် ငေးကြည့်နေပါသည်။

"ဟင် . . . လို့"

"ကကြိုးလည်း မပြောတတ်ဘူးလေ၊ ဂသုန်က ဘာသွားလုပ်ရမှာလဲ"

"အလုပ်သွားလုပ်ရမှာပေ့ါဟ၊ ငါ စုံစမ်းနေတာ ဒီနေ့သေချာ သိလာရတယ်၊ အာရပ်နိုင်ငံ တစ်နိုင်ငံမှာ ဟိုတယ်ကြီးတွေ ဖွင့်တယ်ကွာ၊ အဲဒီ မှာ

လုပ်ဖို့ ဝန်ထမ်းတွေအများကြီး ခေါ်တယ်၊ သူတို့က အာရှကလူတွေကို ခေါ်တာ၊ ဟိုတယ်လုပ်ငန်းဆိုတော့ ကဏ္ဍအသီးသီးပေါ့၊ လခလည်း ကောင်းတယ်ဟ. . .

ငါ့လို ဟိုတယ်လ်တိုးရစ်စ်က မုန့်ဖုတ်လုပ်ငန်းကျွမ်းကျင်လက်မှတ် ရထားတဲ့သူမျိုးဆိုရင် အလုပ်ရဖို့ သေချာတယ်တဲ့။ သွားမယ်ဆိုရင် သုံးလအတွင်း ထွက်ရမှာဟ”

“အကြာကြီး ပေါ့”

“အေးပေါ့. . .ငါ လုပ်သလောက်ပေါ့၊ အနည်းဆုံးတော့ နှစ်နှစ်ကြာအောင် လုပ်ရမယ်”

ကကြိုးက မျက်လွှာလေးချကာ ခဏငိုင်စဉ်းစားရင်း. . .

“ကကြိုးကတော့ မပြောတတ်ဘူး ဂသုန်ရယ်၊ ကောင်းတယ် မကောင်းဘူး ဂသုန်ပဲ စဉ်းစား ပေါ့၊ ဦးလေးကျော်နဲ့ တိုင်ပင်ပေါ့၊ ကကြိုးသိတာကတော့ ဂသုန်က နိုင်ငံခြားရောက်သွားပြီး ဟိုမှာ အဆင်တွေပြေ ဇိမ်တွေကျပြီး ဒီကိုပြန်မလာတော့မှာပဲ စိုးရိမ်တာပါ”

မြေဂသုန်က တကယ့်ကို သဘောကျလှသလို အကျယ်ကြီးပင် တဟားဟား အော်ဟစ်ရီမောရင်း ကကြိုးရဲ့ ခေါင်းလေးကို အုပ်ကိုင်လှုပ်ရမ်းနေပါသည်။

“အရူးမ ကကြိုး”

“ဟုတ်တယ်လေ၊ ဂသုန်ပြန်မလာတော့ဘဲ ဟိုမှာပဲ မိန်းမတွေ ဘာတွေ ယူသွားရင် ကကြိုးက ဘာတတ်နိုင်မှာလဲ”

“ဟိုမှာ မိန်းမယူရင် ခေါင်းမြီးခြုံထားတဲ့ အာရပ်မ ကုလားမတွေပဲ ငါရမှာပေါ့၊ အလကား ကကြိုးကလည်းဟာ၊ မိန်းမယူဖို့ သွားမှာကြနေတာပဲ”

“ဟိုတယ်မှာ လုပ်မယ့် အာရှတိုက်သူလေးတွေ ရှိမှာပဲလေ”

“အဲဒီ တော့ ကျုပ်က ဘာလုပ်ရမှာလဲ ဝက်မ”

မြေဂသုန်က စူပုတ်ထားတဲ့ ကကြိုးရဲ့ နှုတ်ခမ်းဖူးလေးကို လက်ညှိုးလက်မနဲ့ ဆွဲလိမ်ပစ်လိုက်ပါသည်။

“ပိုက်ဆံအများကြီး စုနိုင်မယ် ကကြိုးရဲ့၊ ဒီမှာတော့ အဲလောက် စုဖို့မလွယ်ဘူးပေ့ါဟာ။ ငါ့ပညာနဲ့ ငတ်တော့လည်း မငတ်ဘူးပေ့ါ၊ ဒါပေမယ့် ခုလည်း မစုနိုင်ဘူးပေ့ါ။ ဟိုမှာတော့ ဝင်ငွေပိုမယ်၊ ငါ့စရိတ် နေစရိတ်လွတ်မယ် ဆိုတော့ ပိုက်ဆံအများကြီး စုနိုင်မယ်”

ကကြိုးသည် မြေဂသုန့် မျက်ဝန်းများထဲ လှဲ့လှဲ့လေးကြည့်ရင်း. . .

“ပိုက်ဆံတွေက အများကြီး လိုလို့လား မြေဂသုန်ရယ်”

“ဩော်. . .ကကြိုးရယ်၊ အရိုးမ,လေးရယ်၊ လောဘလည်း မရှိဘူး၊ ငါတို့ လက်ထပ်ကြပြီးရင် သားတွေ သမီးတွေဆိုတာ ရှိလာဦးမှာ၊ ဘဂရှေ့ရေးဆိုတာရှိသေးတယ်၊ ပိုက်ဆံဆိုတာ မလိုဘူး မရှိဘူးလေ၊ ရှာနိုင်လေ စုနိုင်လေ ကောင်းလေပေ့ါ၊ တစ်ခုပဲ ငါ စဉ်းစားနေတာ၊ နင်နဲ့ငါ လက်ထပ်ပြီးမှ သွားရင်ကောင်းမလား၊ လက်မထပ်ဘဲသွားရင် ကောင်းမလားလို့၊ ငါကလည်း နင့်ကို သိပ်စိတ်ချနေတယ် မထင်နဲ့၊ တော်ကြာ ငါသွားနေတုန်း နင်က ဒီက ကောင်တစ်ကောင်ကို ကောက်ယူလိုက်ရင် ဘယ်လိုလုပ်မလဲ”

“ယူစရာလား. . .ယူစရာလား. . .၊ လူကို ဒီလိုပဲ ပြောရသလား”

ကကြိုးက ဂသုန့်လက်မောင်းကို တဖုန်းဖုန်းထုပစ်ပါသည်။

“ဘယ်သိမလဲ၊ နင့်ကို အစ်ကိုလေးကလည်း မြင်ကာစ က ကြိုက်တာပဲ၊ ငါနဲ့ရည်းစားမှန်း သိသွားမှ အရှိန်သတ်သွားတာ၊ ကိုလေး သူငယ်ချင်း ဟိုပိန်ရှည်ရှည်ကလည်း အခု နင့်ကို မြင်ဖူးပြီး ကြိုက်နေတယ်လေ”

ကိုလေး ဆိုသည်မှာ မြေဂသုန်တို့ ကကြိုးတို့ရဲ့ အလုပ်ရှင်ရဲ့သား

ဖြစ်ပါသည်။ နာမည်ကြီး အခြေခိုင်ကာ မုန့်မျိုးစုံ ထုတ်လုပ်သော မုန့်လုပ်ငန်းကြီးတစ်ခုမှာ ကကြိုးတို့အလုပ်လုပ်ကြသည်။ ဟိုးအရင်ကတော့ ဦးလေးကျော်က အဲဒီ မုန့်လုပ်ငန်းကြီးမှာ မုန့်ပို့ကားကြီးမောင်းတာ ဖြစ်သည်။ နောက်တော့ မုန့်သူဌေး အကြံပေးသလို ဂသုန့်ကို စာပေးစာယူတက်စေကာ မြန်မာ့ဟိုတယ်နှင့် ခရီးကဖွင့်သော ကျွမ်းကျင်လက်မှတ်ရ မုန့်လုပ်ငန်းသင်တန်း တက်စေလျက်အောင်တဲ့အခါ သူဌေးကဂသုန့်ကို မုန့်ဆရာလက်ထောက် ရာထူးခန့်ထားပေးပါသည်။ မုန့်ဆရာလကထောက် ဂသုန့်လခဟာ သူ့အဖေလခထက်ပိုပါသည်။ ဒါကြောင့် ဂသုန်တို့အဆင်ပြေ ချောင်လည်လာ ကြတာ။

ကကြိုးအမေက အစကတော့ ဈေးမှာ ကုန်ခြောက်ရောင်းသည်။ ဂသုန်တို့ နှစ်ထပ်အိမ်ရဲ့ တစ်ခြမ်းကို ကကြိုးတို့ သားအမိ ဌားနေကြပါသည်။ နောက်ပိုင်း အမေက ကျမ်းမာရေး မကောင်းလှ၍ ဈေးထဲကဆိုင်ကို ဖြုတ်လိုက်ကာ အိမ်မှာပဲ ဆီတစ်မျိုးတည်း ခွက်ချင်နှင့် လက်လီရောင်းပါသည်။

ဆယ်တန်းကို မအောင်နိုင်ဘဲ သုံးနှစ်မျှ တဖုန်းဖုန်းကျနေပြီးတဲ့အခါ ကကြိုးသည် အမေ့ကိုပဲ ကူသလိုလို စက်ချုပ်သင်တန်းပဲ တက်မလိုလို ဟိုမရောက် သည်မရောက် ဖြစ်နေခိုက် ဂသုန်ကပဲ သူတို့မုန့်လုပ်ငန်းကြီးရဲ့ ထုတ်ပိုးဌာနမှာ ကကြိုးကို အလုပ်သွင်းပေးလိုက်တာ ဖြစ်သည်။

ထိုမုန့်လုပ်ငန်းကြီးက မုန့်မျိုးစုံအမည်ပေါင်း ရာချီမတတ် ထုတ်လုပ်တဲ့လုပ်ငန်းကြီး ဖြစ်သည်။ ထားရောင်းရသော မုန့်ကြွပ်၊ ဘီစကစ်၊ ကိတ်ခြောက်၊ နံကထိုင်လို အထားခံတဲ့မုန့်ပေါင်းစုံ နှင့် ကိတ်မုန့် ပေါင်မုန့်တို့ကို နယ်အထိ ကားဖြင့်ကိုယ်တိုင်ပို့ပါသည်။ ရန်ကုန်မှာလည်း နေ့စဉ် ဆိုင်များစွာကို မုန့်ကားနှင့် မုန့်ပို့ရသည်။

ကိတ်ဆိုရင် မျိုးစုံ၊ ပေါင်မုန့်ဆိုလည်း မျိုးစုံ၊ ပတ်ဖ်တွေ၊ ဒိုးနတ်တွေ၊ ပူတင်းကိတ်တွေ ပြောမကုန်အောင် အမျိုးအမည်များသော မုန့်အမျိုးမျိုး

အထွေထွေကို ဖုတ်ဖို့ နံနက်တစ်ကြိမ် ညနေတစ်ကြိမ် မြေဂသုန် အလုပ်ဆင်းရသည်။ နေ့လယ်ကို မြေဂသုန်က အိမ်ပြန်ထမင်းစားသည်။ မုန့်ထုတ်ပိုးတဲ့ဘက်က ကကြိုးတို့ အဆိုင်းက နေ့လယ်တစ်နာရီမှာ စ,တင်အလုပ်ဆင်းရသည်။

ညနေ နေနိုင်သလောက်ထိနေ။ လုပ်ခက ကိုယ်ထုတ်ပြီးစီးတဲ့ အရေအတွက်နှင့် တွက်၍ ရတာ ဖြစ်သည်။ မြေဂသုန်သည် မနက်တစ်ကြိမ်သွား၊ ဆယ်နာရီလောက်မှာ ပြန်လာပြီးလျှင် နေ့လယ်ပိုင်းတစ်ကြိမ်ကို ကကြိုးနှင့်အတူ အလုပ်သွားပါသည်။

ခုရက်ပိုင်းတော့ မြေဂသုန့်ဖခင် ဦးကျော်မြ ချော်လဲ၍ ခြေထောက်ထိခိုက်သွားရာမုန့်ကား မမောင်းနိုင်သေးဘဲ ခွင့်ယူထားရ၍ မုန့်ကားမောင်းသူတွေကို သူ့နေရာ အစားထိုး ဂျူတီချလို့ရတဲ့နေ့ချ၍ ၊ မရတဲ့နေ့မှာ မြေဂသုန်က အဖေ့ကိုယ်စား မုန့်ကား တစ်ခါတစ်ရံ ဝင်မောင်းပေးနေပါသည်။

အဲဒီ နေ့မျိုးဆို မနက်စာထမင်း မြန်မြန်စား၊ ကကြိုး အလုပ်ချိန်ထိ မစောင့်နိုင်ဘဲ မုန့်ကား ခေါက်အမှီ ပြန်ထွက်သွား၊ မုန့်ကားပြန်ဝင်မှ မုန့်ဖိုဘက် ပြန်အလုပ်ဆင်းနှင့် ပင်ပန်းသည်။

“အဲဒါတွေ မပြောစမ်းပါနဲ့ ဂသုန်ရာ၊ ကကြိုး လုံးဝစိတ်မဝင်စားဘူး၊ ကကြိုးသိတာ ကကြိုး ဂသုန့်ကို မခွဲနိုင်ဘူး။ အကြာကြီး ဝေးမနေနိုင်ဘူး ဂသုန်ရဲ့။ ကကြိုးရော အဲဒီ ဟိုတယ်မှာ ဟောက်ကီပါ အလုပ်မျိုးဖြစ်ဖြစ် လုပ်လို့မရဘူးလား ဟင်”

မြေဂသုန်က ကကြိုးကို ပြုံးရင်းကြည့်ကာ. . .

“ရမယ် မရဘူးတော့ ငါလည်း ဘယ်သိပ့်မလဲ ကကြိုးရဲ့”

“ဒါပေမယ့် ငါသိသလောက် သူတို့ခေါ်တဲ့ ပညာအရည်အချင်းက အနိမ့်ဆုံး ၁၀တန်းအောင် ဟ”

ကကြိုး မျက်နှာလေး ငယ်သွားပါသည်။

"ဘာပဲဖြစ်ဖြစ် နင် သိထားဖို့က ငါသွားချင်တာဟာ ငါတို့ဘဝရှေ့ရေးအတွက် ငွေလေး ဘာလေး စုဆောင်းနိုင်မလား ဆိုတဲ့ မျှော်လင့်ချက် တစ်ခုကြောင့်ပဲ သွားဖြစ်ရင် ဒီရည်ရွယ်ချက်ကို ရှေ့တန်းတင်ပြီး ငါသွားမှာပါ ကကြိုး၊ ငါ နင့်ကို ဒီထက် တင့်တင့်တယ်တယ်လေး ထားချင်သေးတယ်ဟ"

ကကြိုးက ဂသုန့်ကို စိုက်ကြည့်နေမိပါသည်။ မြေဂသုန်က ကကြိုးကို ဘယ်လောက်ထိချစ်တယ်ဆိုတာ ကကြိုးအသိဆုံး။ ကံကောင်းချင်သည်မှာ ဂသုန့်မိဘများကပါ ကကြိုးကို ချစ်ကြသည့် အချက်ကြောင့်ပင်။ ကကြိုးရဲ့ အမေကတော့ ဂသုန့်အပေါ် သူ့သားတစ်ယောက်လို ချစ်ခင်နိုင်တာအပြင် အားကိုးတာက ပိုပါသေးသည်။

"ကဲပါဟာ စဉ်းစားကြသေးတာပေ့ါ"

"သားရေ . . .ထမင်းစားကြမယ်ဆို"

နောက်ဘက်ထဲက မြေဂသုန့်အမေရဲ့ ခေါ်သံထွက်လာသည်။ ကကြိုးက စကားစမြည် မပြတ်သလိုဖြစ်နေ၍ လေးကန် လေးကန်လေး ထရပ်လိုက်သည်။

"ဦးလေးကျော်ကို တိုင်ပင်ဦးနော်"

"တိုင်ပင်မှာပေ့ါ ဟ ကိုယ့်အဖေပဲဟာ"

"ပြီးရင် ကကြိုးကိုလည်း ပြောဦးနော်"

"ဩော်. . .နင့်ကိုတော့ မပြောဘဲ ပြီးပ့ါမလား။ ကဲ . .ညကျ နင့်အမေပါခေါ်ပြီး ဒီကိစ္စကို အားလုံးမျက်နှာစုံညီ တိုင်ပင်ကြည့်မယ်၊ ကျေနပ်လား"

"အင်း"

"ဒါဖြင့် ဟိုတွေး ဒီတွေး ပူမနေနဲ့။ ဆံပင်တွေ ဖြူနေဦးမယ်။ နင့်ကို

ရှေ့ဆုံးက ထည့်စဉ်းစားပြီးမှ ဆုံးဖြတ်မယ်ဆိုတာ နင် ယုံထား ကကြိုး ဟုတ်လား”

“အင်း”

ကကြိုးရဲက နှုတ်ခမ်းလေးက ပြုံးယောင်သမ်းလာရကာ ဂသုန့်ကို စိုက်စိုက်ကလေး ကြည့်ရင်း. . .

“ဒါဖြင့် ကကြိုးပြန်တော့မယ် ဂသုန် ကားမောင်းအမီပြန်ရမှာ မဟုတ်လား”

“အင်း”

“ညနေကျ ကကြိုးလည်း စောစောပြန်မယ်နော်”

“ငါ ပြန်ခါနီး နင့်ဆီ လာကြည့်မယ်လေ။ အဆင်ပြေရင် တစ်ခါတည်း အတူတူပြန်မယ်”

သူ့အလုပ်ခွင် မုန်လုပ်ငန်းစက်ရုံကြီးဟာ ဝင်းကျယ်ကြီးထဲမှာ ပစ္စည်းသိုလှောင်ဂိုဒေါင်၊ မုန့်ဖိုရုံ၊ မုန့်ထုတ်ပိုးရုံ၊ ပါကင်ဘူးတွေ အိတ်တွေ ရိုက်နှိပ်ထုတ်လုပ်တဲ့ရုံ၊ စသဖြင့် အဆောက်အဦအစုံရှိသည်။ ဂသုန်ရှိတဲ့ နေရာကနေ ကကြိုးရှိတဲ့နေရာကို တမင်တကာသွားမှ ရောက်ပါသည်။ မတော်တဆ မတွေ့ကြနိုင်ပါ။

“ဒေါ်ဒေါ်မြိုင် သမီး သွားပြီ။”

“အေး . . .အေး”

ဒေါ်အေးမြိုင်ကလည်း နောက်ဖေး မီးဖိုချောင်ထဲကပဲ ပြန်အော်နိုင်ပါသည်။ သူ့သား ထမင်းစားလို့ မြိန်ဖို့အတွက် ငါးပိရည်ကျိုကလေးကို လောလောလတ်လတ်လေး ဖျော်ပေးနေရသေးတာ ဖြစ်သည်။

“ဖေဖေ . . .စားပြီးပြီလား”

အိပ်ခန်းတွင်းက ပြတင်းပေါက်နံဘေး ပက်လက်ကုလားထိုင်တစ်လုံးပေါ် သတင်းစာ ဖတ်နေတဲ့ ဖခင်ဖြစ်သူက. . .

"သား စားနှင့်စား . . စား၊ ငါ မစားသေးပါဘူးကွာ၊ မနက်ကပဲ ပဲပြုတ်ထမင်းစားထားတာ များသွားတယ်။ မဆာသေးဘူး သားလေးရေ။ ဒီနေ့ ကားမောင်းရဦးမယ် မဟုတ်လား။"

"ဟုတ်ကဲ့ ဖေဖေ"

"အေး . .. ဒါဖြင့် စားတော့. . .စားတော့၊ ကားကို ဖြည်းဖြည်းမောင်းနော် ဂသုန်၊ ကားက တအားကြီး ကြီးတယ် မဟုတ်ပေမယ့် နည်းနည်းတော့ ကြီးတယ် နောက်က ကွန်တိန်နာထဲမှာက တစ်ခါ တစ်လေ အလေးချိန် အချိုးညီတာ မဟုတ်ဘူး။ ကွေ့ရင် ပြုရင်း သတိနဲ့လုပ်"

"ကျွမ်းကျင်ပါတယ် ဖေဖေရ"

"ကျွမ်းမနေနဲ့ ဟော့ကောင်၊ မင်းက ကားမောင်းတတ်တာ ပဲရှိတယ်ကွ။ ကားကြီးတွေကို ထိန်းသိမ်းကိုင်တွယ် မောင်းနှင်ရတာ ပညာသားပါတယ်။ ဒါကြောင့်သာ ကားကြီးလိုင်စင် သီးသန့် ထားရတာ ပေါ့ကွ။ မောင်းရင်လည်း မှန်မှန်မောင်း မငေးနဲ့"

"ဟုတ်ကဲ့"

ဂသုန်က နောက်ဖေးမှာ ထမင်းစားပွဲ၌ တစ်ယောက်တည်းထမင်းစားနေစဉ်း ဒေါ်အေးမြိုင်က ဘေးက ထိုင်ပြီး သားဖြစ်သူကို လိုတာဖြည့်ဆည်းပေးနေပါသည်။ ဂသုန်က သူ့အမေကို နိုင်ငံခြားသွားမည့်ကိစ္စ အရိပ်အမြွက်မျှပင် ပြောပြသည်။ မိဘတွေကို ပြောပြတိုင်ပင်လည်း မိဘတွေက နောက်ဆုံးတော့ မြေဂသုန့်သဘောပဲ ဖြစ်ကြမှာ သူ သိသည်။

သူပဲ ပြတ်သားဖို့လိုတာ။ အနည်းဆုံး နှစ် နှစ်ဆိုပေမယ့် သုံးလေးနှစ်နေနိုင်မှ ပိုအဆင်ပြေတာ။ ဒီလောက်ကြာကြာ ကကြိုကို ခွဲသွားနိုင်ပါ့မလား။ ကကြိုးကို သူက စိတ်မချဘူးဟု ဆိုလျှင် ကြားရသူတစ်ချို့က "ကကြိုးက ဘာမို့လို့ စိတ်မချရမှာလဲ"ဟု ရယ်သွမ်းသွေးချင်မလားတော့ မသိပါ။

ကကြိုးဟာ မျက်လုံးဝိုင်းကလေးတွေ အပြစ်ကင်းစင်ပြီး မသိနားမလည်ပုံပေါက်နေတဲ့ နှုတ်ခမ်းထူထူ ဖူးဖူးတွေက ဘာမှ ဟုတ်တိပတ်တိ အလှအပဖွဲ့ဆိုရလောက်အောင် ရှိသူမဟုတ်ပါ။ ချစ်စရာကောင်းလှတဲ့ မိန်းကလေးတစ်ယောက်ဖြစ်ပေမယ့် အချောအလှကြီးစာရင်းဝင်တော့ မဟုတ်။ ဒါအပြင် ကကြိုးတို့ မိသားစုဟာ မချောင်မလည်လှ၍ တိုင်းထွာသုံးစွဲနေရပြီး ကကြိုးက မဝတ်နိုင် မစားနိုင် မပြင်ဆင်နိုင်ပါ။

အဖိုးနည်းပါးသော ဝတ်စုံရိုးရိုးလေးတွေထက် ပိုမဝတ်နိုင်တဲ့ ကိုယ်ပေါ်မှာ လှတီးလှတ ထွေကာလီကာလေးတွေ ဘာမှမဆင်နိုင်တဲ့ ကောင်းမလေးတစ်ယောက်ပါ။ လူတွေကြားထဲ ဝင်ရပ်နေရင် ရုတ်တရက်ရှာမတွေ့ဘဲ ရောနှောပျောက်ဆုံးနေမယ့် ဘာမှမထူးခြားသော မိန်းကလေး တစ်ယောက်ဖြစ်သည်။ ငွေကြေးလည်း မရှိ၊ ပညာလည်း မထူးချွန်၊ အလှအပမှာလည်း အများထဲက တစ်ယောက်ပဲ ဆိုတဲ့ ကကြိုးကို သူက ဘာစိတ်မချစရာ ရှိပါသနည်းလို့ လှောင်ပြောင်စရာ ဖြစ်ကောင်းဖြစ်မည်။

ဒါပေမယ့် စိတ်မချနိုင်ခြင်း မက်မောနှမြောခြင်းတို့ဟာ ကာယကံရှင်ရဲ့ တန်ဖိုးထားမှု အတိမ် အနက်ပေါ်မှာပဲ မူတည်လိမ့်မည်လို့ မြေဖသုန်က ယူဆပါသည်။ သူက ကကြိုးကို တန်ဖိုးထားလွန်းတော့ လက်လွှတ်မဆုံးရှုံးနိုင်လွန်းတော့ မတော်တဆ ဆုံးရှုံးလိုက်ရမှာကို အသည်း အသန် ပူလန့်တိုထွာ နေတာပါ။

ဒါကြောင့်လည်း ကကြိုးကို လက်ထပ်သွားရင် ကောင်းမလားလို့ စဉ်းစားတာ။ လက်ထပ်ရင်တော့ တိတ်တိတ်ကလေး ကိုယ့်ဟာကိုယ်

စာချုပ်လက်မှတ်ထိုးထားကြပြီး လူသိမခံမှ ဖြစ်မည်။ နိုင်ငံခြားထွက်ဖို့ရာ အလုပ်ခေါ်ယူတဲ့ ကြော်ငြာစာမှာ သူတို့လိုချင်တဲ့အချက်အလက်တွေထဲက Marital Status တွင် လူပျိုလူလွတ် မှ ခေါ်ယူမည်လို့ ကြေငြာထားသည် မဟုတ်လား။

"ညကျရင် ကကြိုးတို့ သားအမိကိုပါ ခေါ်ထားပြီး အဲဒီ ကိစ္စကို တိုင်ပင်မလားလို့ နော် အဖေ"

"အေး . . .တိုင်ပင်လေ၊ ကောင်းမယ် ထင်တာ လုပ်ရမှာပေါ့ ကိုယ့်ဘဝတိုးတက်ရာ တိုးတက်ကြောင်းကိစ္စပဲ မဟုတ်လား သားလေးရဲ့"

ထမင်းစားပြီး ခဏတဖြုတ် နေပြီးတဲ့နောက် မြေဂသုန်က ရေးမိုးချိုးပြီး အလုပ်ကို ပြန်ဖို့ ပြန်ထွက်လာပါသည်။ အဖေ အမေကို နှုတ်ဆက်၊ ဘေးလှေကားက ဆင်းလာပြီး အောက်ထပ်အခန်းတံခါးဝ ရောက်သောအခါ ကကြိုးကို အော်နှုတ်ဆက်

"ကကြိုး. . .နည်းနည်းစောစောထွက်ပြီး ချောင်တဲ့ဘတ်စ်ကား စောင့်စီးဦး"

ဒါက သူနှင့် ကကြိုး အတူမသွားဖြစ်တဲ့ နေ့တိုင်းသူမှာလေ့ရှိသည့် စကားဖြစ်သည်။ အဲဒီ နောက်တော့ ဘတ်စ်ကားလေးမှတ်တိုင်လောက်ပဲ စီးရတဲ့ သူတို့မုန့်လုပ်ငန်း အလုပ်ရုံဝင်းကြီးဆီ မြေဂသုန် ထွက်လာခဲ့ပါသည်။

အလုပ်ရုံရောက်တော့ မုန့်ရုံမှာ သူပို့ရမည့် ခရီးစဉ်နှင့် ဆိုင်များစာရင်းကိုယူ ။ ဆိုင်တွေရဲ့ အမှာစာတွေနဲ့တိုက်ပြီး တစ်မျိုးပြီးတစ်မျိုး ကားပေါ်သယ်တင်။ နောက်ဘက်မှာ လေးထောင့်ပုံးသွပ်အိမ် ကွန်တိန်နာငယ်ပါတဲ့ သူ့ရဲ့မုန့်ကားထဲ အမျိုးအမည်စုံ မုန့်ထုတ်တွေ မုန့်ပုံးတွေကို စနစ်တကျဖြစ်အောင် စာရင်းနဲ့ အင်းနဲ့ တင်ပြီးလျှင် မုန့်ကားလိုက်တဲ့ ကောင်လေး ငဖြိုးကို ကားပေါ်တင်ပြီး မြေဂသုန် ထွက်လာခဲ့ပါသည်။

ဘေးက ငဖြိုးက ရေရွတ်တဲ့ ဆိုင်လိပ်စာများအတိုင်း သူတို့ကားက

အင်းစိန်၊ သမိုင်း၊ လှိုင်၊ ကမာရွတ်၊ ကြည့်မြင်တိုင် စမ်းချောင်း၊ အလုံ၊မြေနီကုန်း၊ ဗဟန်းထိ တစ်ပတ် ပတ်ပြီးလျှင် ပြီးပြီ။ အဲဒီ လမ်းကြောင်းတစ်ပိုင်း ယူထားတယ်။ မြို့ထဲပိုင်းတွေ အရှေ့ပိုင်းတွေ မပါ။

“အစ်ကိုတို့ ကိုစောလွင်တို့ ပြောနေတဲ့ နိုင်ငံခြားသွားဖို့ပ ကိစ္စ အတည်ဖြစ်ပြီလားဟင်”

“မသေချာသေးပါဘူးကွာ။ အိမ်မှာ မတိုင်ပင်ရသေးဘူး။’’

“ကျွန်တော် သွားချင်လိုက်တာဗျာ။ ဒီမှာ တစ်နေ့ တစ်နေ့ မုန့်ထုတ်ထမ်းတင်၊ မုန့်ကားနဲ့လိုက်၊ ဘာမှလဲ ထူးခြားမလာ မတိုးတက်လာဘူး။ ဘာမှလဲ မတတ်မြောက်လာဘူး။ ခက်တာက ပညာအရည်အချင်းကလည်း ရှစ်တန်းဆိုတော့ ဘယ်လိုမှ မရဘူး။ ကျွတ်”

“စိတ်ဓါတ်မကျပါနဲ့ ငဖြိုးရ။ ရှစ်တန်းတွေကို မလေးရှားက သံချိသံကွေးတို့ ဆောက်လုပ်ရေး တို့က ခေါ်တယ်လို့ ငါကြားဖူးပါတယ်၊ ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ အခွင့်လမ်း ပေါ်လာဦးမှာပါ။”

“ငဖြိုးဟာ မိဘကလည်းမရှိ၊ အဒေါ်အိမ်မှာ ကပ်နေရတဲ့ ကောင်ကလေး။ နောက်ကြောင်း ရှင်းရှင်းမို့ နိုင်ငံခြားထွက်ချင်တဲ့ရောဂါ ပြင်းထန်ကြီးမားတဲ့သူ ဖြစ်သည်။”

“အစ်ကို ကြားတာရှိရင် ကျွန်တော့်ကို ပြောပြဦး၊ ကျွန်တော်က ဘာမှသိတာ မဟုတ်ဘူး”

“အေးပါကွ”

“အား. . .အမလေး. . .အမလေး . . .ဖြည်းဖြည်း အစ်ကို၊ နိုင်ငံခြားမရောက်ခင် ရေဝေး ရောက်နေဦးမယ်၊ ဘယ်လိုဖြစ်တာလဲ”

ငဖြိုးရဲ့ အလန့်တကြား အော်သံနှင့်အတူ မြေဂသုန်က ဘရိတ်ကို

တော့ကာ တော့ကာ နင်းလိုက်ရရင်း . . .

"အေး. . . ဘယ်လိုဖြစ်တာလဲ၊ ဘရိတ်က တစ်ချက်တည်း မမိဘဲ ဖြစ်နေပါလား။ ဂျူး . . . ကံကောင်းလို့၊ လေးငါးချက် နင်းလိုက်မှ မိသွားတယ်ကွာ၊ ဦးစိန်သောင်းတို့လည်း ကားကိုင်တာ ဟုတ်ကို မဟုတ်ဘူး၊ လိုတာအားလုံးကို ဘယ်တော့မှ စစ်ဆေးပြီး အကုန်လုပ်ကိုင်မပေးဘူး။ အခု ကြည့်စမ်း၊ ဘရိတ်က မမိဘူး။ ဒါ ဒီလောက် အန္တရာယ်ကြီးတာကွာ၊ အသည်းအသန် ဆောင့်နင်းနေရတယ်။"

"ကြည့်လိုက်ဦး အစ်ကိုရာ၊ ဘုရား. . ဘုရား. .အခုနက ရှေ့ကားကြီးနဲ့ တိုက်မယ် မှတ်တာ"

သူ့တို့နှစ်ယောက် အလုံဘက်ကို ရောက်နေကြပါပြီ၊ အလုံကနေ အလုံးလမ်းအတိုင်း အပေါ်တက်၊ ပြည်လမ်းကျမှ ဘယ်ချိုးပြီး မြေနီကုန်းကို ဝင်မည်။ ပြီးရင် ဗဟန်းပဲ ကျန်သည်။ ထိန်းမောင်းလို့ ရကောင်းပါရဲ့၊ ဂသန်က စမ်းနင်းကြည့်နေရင်း. . .

''နှစ်ချက် သုံးချက် ဆိုရင်တော့ မိတယ်ကွ၊ တစ်ချက်တည်းနဲ့မမိတာ ဘာငြိနေလဲ မသိဘူး။"

"ဖြစ်ပ့ါမလား။"

အောက်ကြည့်မြင့်တိုင် လမ်းပေါ်ကနေ အလုံလမ်းပေါ် ပြန်ကွေ့တက်အပြီး စိတ်အနှောင့် အယှက် စနောင့်စနစ်ဖြစ်လာတဲ့ မြေဂသုန်သည် မျက်နှာချင်းဆိုင်က လာနေသော ကားကလေး တစ်စီး ကဂျိုးကကျောင်နှင့် ဝေ့ကာ ရမ်းကာ သရုပ်ပျက်နေတာကို မြင်လျှင် သူ့ကားကြီးကို ညာဘက်ဆွဲကပ် လမ်းဘေးရပ်လိုက်ဖို့ ကြိုးစားသေးတာပင်။ ဒါပေမယ့် မျက်နှာချင်းဆိုင် ကားလေးက သူ့ကားကိုမှ တည့်တည့် လိုက်ရှာတိုက်နေသလို ဖြစ်လေရာ ဂသုန် ကိုယ်တိုင်လည်း ကြောင်ကုန်လျက် ဘယ်ဆွဲရမလို၊ ညာဆွဲရမလို။ ငဖြိုးရဲ့

ကယောင်ကတမ်း အော်သံတွေက စူးစူးဝါးဝါး။ ဂသုန့် မုန့်ကားကြီးဟာ ကားလေးကို တိုက်မိ၊ ထို့နောက် ညာဘက်ဆွဲကာ လမ်းဘေးခါတ်တိုင်ကိုပါ တစ်ကြိမ် ထပ်မံတိုက်မိ၊ ဘာတွေ ဘယ်လိုဖြစ်ပျက်ကုန်မှန်း မသိခင် မေဂသုန်ရော ငဖြိုးပါ သတိလစ်နှင့်ပြီ။

*

(၃)

"မဟုတ်ဘူး. . . မဟုတ်ဘူး ၊ လုံး၀ မဖြစ်နိုင်ဘူး"

မင်းနရီရဲ့ အသံကြီးသည် တူးတူးခါးခါး အက်ကွဲခါးသီး ကျယ်လောင်ဟိုးလျက် မင်းနရီတစ်ကိုယ်လုံးဟာ ငလျင်မြေကြီးပေါ် ရပ်နေသလို တစ်ဆတ်ဆတ် တုန်နေပါသည်။ မျက်နှာ တစ်ခုလုံး ရဲတွတ်၊ ချွေးသီးချွေးပေါက်တွေ ပြန်လျက် တကယ့်ကို မယုံကြည်နိုင်စွာ ဟစ်အော်ပေါက်ကွဲမိတာ ဖြစ်သည်။

"ကိုမင်း. . .ကိုမင်း"

အတူတွဲပါလာခဲ့တဲ့ မင်းနရီရဲ့ မန်နေဂျာလူရွယ်သည် သူ့ဘော့စ်ရဲ့ ရုပ်ပျက်ဆင်းပျက် ပူပြင်းတောက်လောင်မှုကို ခုတစ်ကြိမ်သာ မြင်ဘူးတဲ့သူပီပီ အလန့်လန့် အဖျက်ဖျက်နှင့် ဟိုဘက်က ဆွဲမလို ဒီဘက်က ဖက်မလို ဂရုန်းသုန်းကား ရှိသည်။

"မင်းနရီ. . . သူငယ်ချင်း၊ စိတ်ထိန်းကွာ"

မင်းနရီရဲ့ သူငယ်ချင်း တင်ထွဋ်ကလည်း ပါလာပါသည်။ တင်ထွဋ်က မင်းနရီရဲ့ ရုံးခန်းကို ဝင်လည်ပြီး စကားထိုင်ပြောနေတဲ့အချိန်။ ဆေးရုံက ဖုန်းဝင်လာတဲ့အခါ မင်းနရီ ဝုန်းခနဲ သွေးရူးသွေးတန်း ထပြေးတဲ့အတွက် ဘာဖြစ်တာလဲ ကမန်းကတန်းမေးရင်း နန္ဒာနေခြည် ကားအက်ဆီးဒင့်တ် ဖြစ်တာ သိရပါသည်။

ဆေးရုံကြီး အရေးပေါ်မှာ နန္ဒာနေခြည် ရောက်နေသည်။ အရေးပေါ်ဌာနမှ တာဝန်ကျနေတဲ့ ဆရာဝန်တစ်ယောက်က နန္ဒာနေခြည်ကိုလည်းသိ ၊ မင်းနရီကိုလည်းသိသော သူတို့နှင့် 1 Betch ထဲဆင်းသည့်

ဆရာဝန်တစ်ယောက်ဖြစ်နေရာ မင်းနရီရဲ့ လက်ကိုင်ဖုန်းနံပါတ်ကိုလည်း သိတဲ့သူမို့ မင်းနရီထံ ဆက်သွယ်လိုက်ခြင်းဖြစ်သည်။

ဆေးရုံရောက်မှ သိရသည်မှာ အဖြစ်အပျက်ဟာ သုံးနာရီလောက်က ဖြစ်ပွားခဲ့ပြီး ခုဆိုရင် တစ်နာရီကျော် တစ်နာရီခွဲလောက် ရှိပြီ၊ နန္ဒာနေခြည်ကို သိတဲ့ ဆရာဝန်က ခုမှရောက်လာကာ ခုမှ တွေ့သိ အကြောင်းကြားရတာ ဖြစ်၍ နန္ဒာနေခြည်သည် လူနာပိုင်ရှင်မရှိဘဲ အရေးပေါ်ဌာနမှ နာရီနှင့် ချီပြီး ကြာခဲ့ပြီ၊ ရောက်လာကတည်းက အသက်ပါမလာဟု သိရသည်။

ဘယ်လောက် ရင်ကွဲပက်လက် ဖြစ်စရာကောင်းထားသလဲ။

“နန္ဒာ. . .နန္ဒာ. . .၊ တောက်… လုံးဝ မဖြစ်နိုင်တာ၊ ဟေ့ကောင်. . .တင်ထွန်း”

မင်းနရီသည် အဖြစ်အပျက်ကို ဘယ်လိုမှ လက်သင့်မခံနိုင်လောက်အောင်ဖြစ်ကာ တဒင်္ဂလေးမှာပဲ ရူးသွပ်သကဲ့သို့ ဖြစ်သွားသည်။ နေ့လည် နှစ်နာရီလောက်က ဖုန်းပြောလိုက်ရသေးတာပဲ။ ဂျူတီဆက်ဝင်ထားရပေမယ့် နန္ဒာ့အသံလေးက သွက်လက်ရွှင်ပျနေသားပဲ။

“နန္ဒာ”

မင်းနရီသည် တကယ့်ကို မယုံနိုင်၊ မယုံချင်။ သူ ဒီနေ့ပဲ စေ့စပ်ပွဲအတွက် ဟိုတယ်ခ ငွေသွားရှင်းခဲ့တာလေ။ ဖိတ်စာတွေကလည်းပဲ တစ်ရက် နှစ်ရက်နေရင် ရတော့မှာလေ။

“မင်းနရီ. . . ငါ ရဲနိုင်လေ၊ မှတ်မိတယ် မဟုတ်လား”

“ရဲနိုင်”

“အေး. . . ငါ ဖုန်းဆက်လိုက်ဟာ”

“သြော်. . . အေး . . . ရဲနိုင်”

“အားလုံးတော့ စစ်ဆေးအတည်ပြုပြီးသွားပြီ၊ အခု Death Certificate လုပ်ဖို့ ရှိတယ်၊ မော်ကျူရီပို့ဖို့ ရှိတယ်”

“ဟင့်အင်း. . .၊ နန္ဒာ . .နန္ဒာ သေပြီဆိုတာ ဘယ်သူပြောတာလဲ”

မင်းနရီက သူ့ပုခုံးကို ကိုင်ထားသည့် ဒေါက်တာရဲနိုင် လက်များကို ပုတ်ဖယ်လိုက်ကာ ခုတင်ရှည်ပေါ် အဝတ်လွှမ်းထားသည့် နန္ဒာ့ရုပ်ကလပ်ကို နောက်တစ်ကြိမ် အဝတ်စကို ဖယ်လှပ်လိုက်ကာ ကြည့်ရင်း. . .

“နန္ဒာ”

ရုတ်တရက် မင်းနရီသည် ရင်ထဲဆို့အောင် တရှိုက်ရှိုက် ဖြစ်လာပြီး မျက်ရည်တွေ ကျလာသည်။ သူ့မှာ ဖမ်းနည်းတာထက်ကို ဘာကိုမှန်းမသိ တအားကို ဒေါသပုန် ထ,နေမိတာ မျိုးပင်။ လက်သင့်မခံနိုင်။ ဖုံးထားတဲ့ အဝတ်စမှာ မျက်နှာတွေ ဆံပင်တွေမှာ အို. . . အားလုံးမှာ သွေးအလူးလူးနှင့် နန္ဒာ့ကို သူဘယ်လိုလုပ်ပြီး သေပြီလို့ လက်ခံရပ့်ါမလဲ။ စေ့စပ်ကြတော့မှာလေ မကြာခင် လက်ထပ်မှာလေ။

နန္ဒာ...၊ နန္ဒာ. . သူအင်မတန် စုံမက်မြတ်နိုး တန်ဖိုးထားလွန်းတဲ့ သူရဲ့ သတို့သမီးလောင်း။

“မင်းနရီ. . .စိတ်ထိန်းပါကွာ”

တင်ထွဋ်က နန္ဒာ့ကိုယ်ပေါ်က အဝတ်စနှင့် မျက်နှာပေါ် ပြန်အုပ်သည်။ မင်းနရီက တစ်ကြိမ် ထပ်ဆွဲဖယ်လှပ်ကာ စိုက်ကြည့်နေရင်း ပုခုံးတွေ တုန်ခါအောင် နာနာကြည်းကြည်း ငိုနေမိသည်။ ကျုံးပြီးတော့လည်း ဖက်ပစ်လိုက်ချင်သည်။ ဖက်ပစ်ရမှာကလည်း နန္ဒာ့အသက်ဝိညာဉ် ကင်းမဲ့နေပြီတဲ့. . .။ ဖြစ်ပျက်နေပုံကို သူ မကြည့်ရက်ပါ။ မကြည့်ရက်သော်လည်း ဒီလိုမှ စိုက်မကြည့်ရလျှင် သူ ဘယ်လိုမှ မယုံနိုင်လို့ပါ။

ပြည့်စုံခြင်းများနှင့် သာယာလှပနေတဲ့ သူ့ရဲ့ပန်းခင်းလမ်းတွင် ပထမဦးဆုံးအကြိမ် မကြုံစဖူး ဒလိမ့်ခေါက်ကွေး ကျွမ်းပြန်ပြုတ်ကျရတဲ့ အဖြစ်မျိုးဖြစ်သည်။ နစ်နာခြင်း ဆုံးရှုံးခြင်းဆိုတာမျိုးတွေကို မှတ်မှတ်မိမိ မခံစားလှဖူးတဲ့ မင်းနရီအတွက် မှတ်မှတ်ရရ ထိထိမိမိ ရှိလှတဲ့ အလဲထိုးခံရမှုပင် ဖြစ်သည်။

နန္ဒာ သေပြီ။

သူ့ချစ်သူ သူ့ဇနီးလောင်း သေပြီ။

ရုပ်ပျက်ဆင်းပျက်၊ ပိုးဆိုးပက်စက် ၊မြင်မကောင်း ရှုမကောင်း၊ ပစ်စလက်ခတ် သေရှာပြီ။

"ဟိုဘက်ကားက ကားကြီးဗျာ"

တင်ထွဋ်ကို ရဲနိုင် ပြောပြနေတဲ့ စကားတို့ကို မင်းနရီ မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသည်။

"မုန့်တင်တဲ့ကား၊ (. . .) မုန့်လုပ်ငန်းက"

"ဪ"

"ဟိုဘက်က ကားပေါ်မှာ လူနှစ်ယောက်ဗျ"

"သူတို့ရော. . . သူတို့က ကားကြီး ဆိုတော့ သက်သာမှာ ပေါ့"

"မသက်သာဘူးဗျ၊ လာပို့တဲ့သူ မြင်တဲ့သူတွေ ပြောတာက ကားကြီးက ကားလေးကို တိုက်မိပြီး လမ်းဘေးဆွဲချပြီး ဓါတ်တိုင်ကို တစ်ခါတိုက်တယ်၊ ဓါတ်တိုင်တောင်ကျိုးသွားတယ် ပြောတယ်၊ သူတို့လည်း နာတယ်။ နောက်တစ်ယောက်ကတော့ လျှောမှာပဲ သေချာတယ် ၊နောက်တစ်ယောက်ကတော့ မပြောတော့ မပြောနိုင်ဘူး၊ ကံကောင်းရင်လည်း ရှင်မယ်၊ ကံဆိုးရင် လျှောမှာပဲဗျ"

"ဪ. . . ဟိုဘက်ခန်းထဲမှာလား"

“ဟုတ်တယ်ဗျ”

တင်ထွဋ်က လှမ်းမြင်နေရသော ကန့်လန့်ကာစိမ်းကာထားသည့် အခန်းကန့်ကို ကဲကြည့်လိုက်ပါသည်။ သူလည်း နှလုံးမချမ်းမသာ၊ ထိုတစ်ဖက်ကမ်းမှာလည်း လူတွေ ရုတ်ရုတ်သဲသဲ။

“ဟိုဘက်မှာလည်း အိမ်က ပိုင်ရှင်တွေ ရောက်လာပြီလား”

“သူတို့က အရင်ရောက်လာတာပေ့ါ၊ မုန့်ကားကြီးမှာက လုပ်ငန်းနာမည်ကော ဖုန်းနံပါတ်တွေကော ကားကိုယ်ထည်ဘေးမှာပါတော့ ဆေးရုံမရောက်ခင်ကတည်းက ကြားလူတွေက အကြောင်းကြားထားပေးနှင့်ပြီ။ သူတို့လည်း ဆေးရုံရောက် နောက်ကလူတွေလည်း တစ်စုပြီးတစ်စု ရောက်လာတာ”

ဒေါက်တာ ရဲနိုင်သည် ခန်းဆီးစ စိမ်းစိမ်းကြားကို တစ်ချစ်လှမ်းအကဲခတ်လိုက်ရင်း စိတ်မချမ်းသာပုံနှင့်. . .

“ဟာ. . . တစ်ယောက်တော့ သွားပြီဗျို့”

“ဟုတ်လား. . . ကျွတ်ကျွတ်”

တင်ထွဋ်က စုတ်သတ်မိသည်။

“မင်းနရီကို လုပ်ပါဦး၊ လုပ်စရာရှိတာလေး လုပ်ရအောင်”

“နန္ဒာ့အိမ်ကို ခေါ်ထားသေးလား၊ လာအောင် စောင့်ပါရစေဦး ဒေါက်တာ၊ မောကျူရီထဲ မပို့ခင် သူ့အိမ်ကတွေ့ရှာပါစေ”

ဒေါက်တာရဲနိုင်က သက်ပြင်းချရင်း. . .

“အေးဗျာ၊ အတော်ဖြေရခက်မယ့် သေခြင်းမျိုးပဲ”

“စေ့စပ်ပွဲက နှစ်ပတ်ပဲ လိုတော့တာ ဒေါက်တာ”

“ဗျာ. . . ဟုတ်လား၊ ကျွတ် ကျွတ် မသိဘူးဗျာ၊ ခုမှ သိရတာ ”

မင်းနဂိုသည်။ မလှမ်းမကမ်းက ခန်းစီးစ စိမ်းစိမ်းကြီးတစ်ခု လွင့်ခနဲပွင့်လာကာ အထဲက တဂျုံးဂျုံး တဂျိုင်းဂျိုင်း အသံကြီး မြည်ဟီးလျက် သံနှင့်လုပ်ထားတဲ့ လူနာတင် Trolley ကြီးတစ်ခုကို လူတယောက် တွန်းထုတ်လာတဲ့ဆီ အဝတ်အုပ်ထားတဲ့ ရုပ်အလောင်းတစ်ခု၊ အဲဒီ နောက်ကို ငိုယိုပြေးလွှားလိုက်တဲ့ မိန်းမကြီးတစ်ယောက်ကို မြင်လျှင် နှလုံးတွေ ပိုမိုနင့်ခဲ နောက်ကျိသွားရသည်။

ဘယ်ဘက်ကို တွန်းသွားတာပါလိမ့်။ နန္ဒာ့ကိုလည်း တွန်းထုတ်သွားမှာပဲ ထင်သည်။ ဘုရား. . .ဘုရား သူ့အင်မတန် တန်ဖိုးထားပြီး အရိပ်တကြည့်ကြည့် နှစ်သိမ့်ကျေနပ် မြတ်နိုးရတဲ့ ဖြူဖြူဥဥ ချောချောလှလှ ပညာတတ် လူရည်မွန် ဆွေကြီးမျိုးကြီး မိကောင်းဖခင် သမီးကလေး လူ့ လောကကြီးမှာ မရှိတော့ပါလား။

နန္ဒာ. . .နန္ဒာ. . ရယ်၊ ဖြစ်မှဖြစ်ရလေ နန္ဒာရယ်။

“သားရေး . . .သားလေးရေ. . .ငှါတူရေ၊ အမလေး. . . ဟဲ့ အဖြစ်ဆိုးလိုက်တာ ငှါတူလေးရဲ့”

“သူက ဘယ်ကလဲ”

မင်းနရီက တုန်လှုပ်တဲ့ရင်နှင့် ရဲနိုင်ကို လှည့်မေးကြည့်သည်။

“ဟိုဘက် ကားကြီးကကွာ”

“ဟိုဘက်ကား”

“အေး. . .”

“သူလည်း သေပြီပေ့ါ”

“တစ်ယောက်တော့ ကျန်သေးတယ်။ အသက်လုရတုန်းပဲ မင်းနရီရ”

“နောက်တစ်ယောက် ဟုတ်လား”

မင်းနရီက အသံအက်အက်နှင့် နင့်နင့်သီးသီး ရေရွတ်လိုက်သည်။

"အေး. . .ဆုံးသွားတာ အငယ်ကောင်လေး ဆိုတော့ မုန့်ကားနဲ့လိုက်တဲ့ မုန့်ပို့တဲ့ ကောင်လေး ပေါ့ကွာ၊ ဟိုထဲမှာ ဒရိုက်ဘာကောင်လေး ကျန်သေးတယ်"

"ဒရိုက်ဘာ ကောင်လေး. ."

"အေး"

"ဒရိုက်ဘာမသေဘူးပေ့ါ"

"အေး . .သူ့ကိုလည်း အသက်လုနေရတုန်းကွ"

"ဘာလို့ အသက်လုနေရတာ လဲ၊ ဒီ ဒရိုက်ဘာရဲ့ အသက်ကိုဘာကြောင့်လုနေရတာ လဲ။ နန္ဒာ့ကို ကားနဲ့တိုက်သတ်တဲ့ကောင်၊ သူ အရင်သေရမှာ သူ သူ"

"မင်းနရီ . . .မင်းနရီ"

ရှန်းရင်းဆန်ခတ် ပေါက်ကွဲလာတဲ့ မင်းနရီကို တင်ထွဋ်ကတစ်ဖက် ဇင်မင်းကတစ်ဖက် လက်မှ ဆွဲချုပ်ထားလိုက်ကြရင်း. . .

"လာကွာ၊ အပြင်ထွက်ရအောင် သူငယ်ချင်းရာ"

"အေး. . . အေး . . မထွက်ရင်လည်း. . ."

"ဟေ့ကောင်. . .တင်ထွဋ် . . .မင်း စဉ်းစားကြည့်စမ်း"

အကြီးအကျယ်ပေါက်ကွဲအော်ဟစ်နေသော မင်းနရီမှာ လည်ပင်းကြောကြီးတွေ ထောင်ထနေလျက် မျက်နှာကြီး ညှစ်အော်နေ၍ နီမြန်းထူအမ်းနေသည်။

"အေး. . .အေးပါ. . .မင်းနရီရာ"

"နန္ဒာလို မိန်းကလေးက ကားမောင်းကြမ်းမလားကွ၊ နန္ဒာ့လောက်

စိတ်သဘောထား ကောင်း ငြိမ်းချမ်းတဲ့ မိန်းကလေးဟာ ကားကို တရကြမ်းမောင်းမလား. . .ဟင်”

“အေးပါကွာ ၊ နန္ဒာ ကားမောင်းမကြမ်းတာ ငါတို့ သိပါတယ်”

“ဒီကောင်တွေ ဒီခွေးမသားတွေ အမောင်းကြမ်းတာပေ့ါကွ၊ ကားကြီး တက်မောင်းပြီး ဘေးပတ်ဝန်းကျင်ကို မထေမဲ့မြင် ပြုနေကျ အလကားကောင်စားတွေလေ၊ တင်ထွဋ်. . .မင်း စဉ်းစားကြည့်စမ်း၊ နန္ဒာဟာ လူတွေရဲ့ အသက်ကို ကယ်တင်နေရှာတဲ့ ဆရာဝန်မလေးကွ”

“အေးပါ”

“ဒီကောင်က အလကား မုန့်ကားမောင်းတဲ့ကောင် ကလေကချေ လူတွေအသက်ကို ကယ်ပြီး ပြန်လာတဲ့ ဆရာဝန်မလေးတစ်ယောက်ကို ကားနဲ့မဆင်မခြင် တိုက်သတ်ရက်တဲ့ကောင်၊ သူသေရမှာ သူသေပြီး နန္ဒာအသက်ရှင်ရမှာကွ ၊ ဒင်းက ခုထိ မသေသေးဘဲနဲ့”

မင်းနရီမှာ ခံစားရလွန်း၍ သူ့စိတ်ကို သူမထိန်းသိမ်းနိုင်သလို သူ့နှုတ်က သူ့စကားလုံးတွေကိုလည်း မထိန်းသိမ်းနိုင်ပါ။

“ဖယ်ကွာ။ ငါ့ကို ဒီကောင့်ကို ငါ့လက်နဲ့တောင် ပြန်သတ်ပစ်ချင်တာ၊ ရက်ရက်စက်စက်ကွာ နန္ဒာ့ကိုကွာ”

မင်းနရီသည် ဒေါသအလျောက်ဖြစ်သော ငိုသံပါကြီးနှင့် တင်ထွဋ်တို့လက်ထဲမှ အတင်းရုန်းထွက်နေပါသည်။ ချွေးသံတွေ မျက်ရည်တွေနဲ့ သူ့ပုံစံဟာလည်း ဖြစ်ချင်တိုင်းဖြစ်နေပါသည်။မင်းနရီဆိုတာဟာ မိုးလင်က မိုးချုပ် အင်္ကျီတစ်ချက် ကြေတတ်တဲ့သူစားမဟုတ် သူရဲ့ Personality ကို အမြဲတစေ ဂရုစိုက် မြှင့်တင်ကာ ဘယ်အချိန်ကြည့်ကြည့် ကျော့မော့သပ်ရပ် စမတ်ကျနေတဲ့သူ။

ဒီတစ်ကြိမ်ပဲ ဆံပင်ဖရိုဖရဲ အင်္ကျီဘော်င်းဘီ အတွန့်တွန့်

အရွဲ့ရွဲ့ဖြစ်ဖူးပါသည်။ သူ့ဘဝအတွက် တကယ့်ကို အထိနာလှတဲ့ ရိုက်ချက်ပါ။ သူ ဘယ်လိုမှ မခံစားနိုင်ပါ။

"ဖြစ်ချိန်တန်တော့လည်းကွာ၊ ဒီလို. . ."

"ဘာ ဖြစ်ချိန်တန်တာလဲ၊ ဘာဖြစ်ချိန် တန်တာလဲကွ၊ မင်းဆိုလိုတာက နန္ဒာက ခုလို ပိုစိုးပက်စက် သေဖို့ အချိန်တန်နေပြီလို့ ဆိုလိုတာလား"

"ဒီလို မဟုတ်ပါဘူး မင်းနရီရော၊ မင်း ဖြေသိမ့်နိုင်အောင် ငါက တရားသဘောနဲ့"

"ဘာမှ တရားသဘော လာမပြောနဲ့ကွာ၊ တရားနဲ့လည်း မဖြေဘူး၊ နန္ဒာ သေရတာ လည်း မကျေနပ်ဘူး၊ ဟိုကောင် မသေသေးတာလည်း မကျေနပ်ဘူး"

မင်းနရီသည် ရုတ်တရက် ခွန်နှင့်အားနှင့် ဝုန်းခနဲ ရုန်းထွက်လိုက်ကာ ခန်းဆီးစိမ်းစိမ်းရှိရာ ပြေးပြီး ထိုအစိမ်းစကို ဗြန်းခနဲဆွဲဖွင့်လိုက်ပါသည်။ သူ့ကို ဘယ်သူမှ လှည့်ကြည့်ဂရုမပြုအား။ ဆရာဝန် ဆရာမ သုံးလေးယောက်ဟာ လူနာရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို စက်ကိရိယာအမျိုးမျိုး ပိုက်အသွယ်သွယ်တို့ တို့ တပ်ဆင်နေကြသည်။ အသက်ရှူနှုန်း သွေးဖိအားစတာတွေကို အဆက်မပြတ် တိုင်းစစ်နေကြရင်း နှာခေါင်းပေါ်မှာလည်း အောက်စီဂျင်ပေးတဲ့ခွက်ကို အုပ်ထားသည်။

"ဂသုန်. . . ဂသုန်ရေ"

ခုတင်ခြေရင်းမှာ ရပ်နေတဲ့ မိန်းကလေးတစ်ယောက်ထဲက ဘာမှန်းမသိတဲ့ တိုးတိုးတွတ်တွတ် ရေရွတ်ရှိုက်ငင်သံကို မင်းနရီက နားခါးခါးနှင့် ဖျတ်ခနဲ လှည့်ကြည့်ရင်း. . .

"ငိုမနေနဲ့ နင့်လူနာက မသေသေးဘူး"

ကကြိုးသည် ဘေးဘက်ကျကျ နောက်နားက ပေါ်လာတဲ့ ကျယ်လောင်

မာကျော့စူးရှတဲ့ အသံကြီးကြောင့် တုန်ခနဲ လန့်ဖျပ်ကာ လှည့်ကြည့်လိုက်ပါသည်။

“ရှင် ရှင် ဘာပြောတာလဲ . .ဟင်”

“မင်းလူနာ မသေသေးတာကို ပြောနေတာ၊ တကယ်သေသင့်တာက သူ ဒီကောင်၊ အခုသေလိုက်ရတာ က ငှါချစ်သူ ငှါ့ဇနီးလောင်းကွ. နားလည်လား၊ တန်ဖိုးမှမရှိတဲ့ အမောင်းရမ်းတဲ့ ကလေကချေ ဒရိုက်ဘာကောင်က မသေဘူး ။ တောက်. . . ရာဇဝင် ရိုင်းလိုက်တာကွာ”

ဘာမှ မသိနားမလည်နိုင်အောင် ကြောင်ငေးငေးဖြစ်နေခဲ့တဲ့ ကကြိုးရဲ့ မျက်လုံးကလေးတွေလည်း စကားလုံးဆုံးရင်တော့ နားလည်းလည် အကြီးအကျယ်လည်း ဒေါသထွက်သွားရသလို ဝင်းဝင်းတောက်သွားရင်း. . .

“ဘာ၊ ဘာပြောတယ်၊ ရှင် ယုတ်မာလှချည်လညား။ သေလုမျောပါး ခံစားနေရတဲ့ လူတစ်ယောက်ကို သေသင့်သလေး ဘာလေးပြောရအောင် ရှင်က ဘာမို့လို့လဲ။ ရှင်က သေခြင်းတရားကို ပိုင်လို့လား၊ မသေသင့်လို့ မသေတာပေ့ါ သေသင့်တဲ့သူက သေရတာ ”

“ဘာ”

“ဟုတ်တယ်လေ၊ ရှင့်လူကမှ သိပ်တန်ဖိုးရှိနေရအောင် သူက ဘာမို့လို့လဲ၊ တစ်သက်မှာ တစ်ခါမသေသင့်တဲ့သူဆိုတာရော လောကမှာရှိသလား၊ တရားလက်လွှတ်နဲ့ စိတ်ပုတ်စိတ်ယုတ် မွေးပြီး ပါစပ်ပုတ်ကြီးနဲ့ နမိတ်မကောင်းတဲ့ စကားတွေ လာပြောမနေနဲ့”

“ဘာ. . .မင်းက . .မင်းက”

မင်းနရီသည် အလွန်ဒေါသထွက်ကာ လူနာခုတင်ဘက်ရှေသို့ ဆတ်ခနဲ တိုးလိုက်လျှင် ကကြိုးသည် ဝုန်းခနဲနေအောင် မင်းနရီရှေ့သို့ ခုန်ဝင်လျက် မင်းနရီအကြား ကျားသစ်ပေါက်လေးတစ်ကောင်လို ခါးလေးမကုန်းတကုန်းနှင့်

လက်နှစ်ဖက်ကို အဖြန့်သား ဆန့်တန်းထားလိုက်ပါသည်။

အောင်မာ. . .။

ပုံစံက "ခုတင်ပေါ်က လူနာကို ထိရင် အသက်ချင်းလဲပစ်လိုက်မယ်၊ငါ့ကို အရင်ထိလှည့်"ဆိုတဲ့ ရုပ်မျိုး အမူအရာမျိုး။

"ရှင်. . . ရှေ့မတိုးလာနဲ့၊ ရှင် ဘယ်သူဖြစ်ဖြစ် ထွက်သွား၊ ဒီက ထွက်သွား"

ကကြိုးသည်။ မျက်ရည်စက်တွေစဉ်ကာ ခါထွက်ကုန်အောင် အော်ပစ်လိုက်ပါသည်။

"သြော်. . .ဒုက္ခပါပဲ။ ဘာတွေဖြစ်နေကြတာလဲ၊ ရန်ဖြစ်ရမဲ့ နေရာလား၊ ဒီမှာ လူနာကို မနည်း အသက်လုနေရတာ ။ ရှင်တို့ ဝေးဝေးသွားကြပါ။ အနှောင့်အယှက် ဖြစ်တယ်၊ အော်ကြီးဟစ်ကျယ်တွေနဲ့"

နောက်ဘက်က ဆရာမ တစ်ယောက်က လှည့်ဟောက်လိုက်၍ ကကြိုးက ကိုယ်ရှိန်သတ် တန့်ဆည်လိုက်ဂင်း ပါးပေါ်က မျက်ရည်တွေကို လက်ခုံနှစ်ဖက်နှင့်ပွတ်ကာ ပွတ်ကာ သုတ်ပစ်လိုက်သည်။

"ဟို ဟို လူနာကို သူ သူ နှောင့်ယှက်မှာ စိုးလို့ပါ ဆရာမ"

"အို. . .နှောင့်ယှက်လို့ရမလား၊ သေလုမျောပါး ဝေဒနာသည်ကို သူ ဘာဝင်လာလုပ်လို့ရ မလဲ လုပ်ရင် အဖမ်းခံရမှာပေ့ါ"

မင်းနရီက အဲဒီ ဆရာမကို အတော်စိတ်ပျက်သလို ခပ်ချဉ်ချဉ် ကြည့်လိုက်ကာ. .

"ကျုပ်က ဘာလို့ အဖမ်းခံရမှာလဲ"

"ရှင့်ကို အဖမ်းခံရမယ် မပြောပါဘူးရှင်။ လူနာကို ဝင်နှောင့်ယှက်ရန်ပြုရင်သာ အဖမ်းခံရမယ် ပြောတာပါ။ ဒေါသတွေ လျှော့ကြမှပေ့ါ

ရှင့်လိုပဲ သူလည်း ပူဆွေးခံစားနေရတဲ့ လူနာရှင် အချင်းချင်းပါပဲ၊ ကိုယ်ချင်းစာမှပေ့ါ”

“ကျုပ် ဇနီးလောင်းက သေပြီဗျ”

မင်းနရီသည် အသံက တိမ်ဝင်ကျိုးကျေသွားပါသည်။ သူ့အဖြစ်ကိုလည်း သူရှက်ရှက် နှင့် တစ်မျက်နှာလုံး နီရဲလာပါသည်။

“ဒီကောင်က မသေသေးဘူးလေ၊ ကားလေးနဲ့ ကားကြီးဘယ်သူ့အပြစ်လဲ ခင်ဗျားတို့ စဉ်းစားကြည့်ပါလား”

“တစ်သမတ်ပြောလို့ မရဘူးပေ့ါရှင်၊ ရှင့်ကို ကိုယ်ချင်းစာပါတယ်။ ရှင် သိပ်သွေးပူနေချိန်ပါ၊ တစ်ဆိတ်လောက် ပြန်နားလိုက်ပါနော်”

“ဘာဖြစ်လို့ ပြန်နားလိုက်ရမှာလဲ ၊ နန္ဒာက ဒီမှာ သေနေတယ် ကျုပ်က ပြန်နားစရာလား”

“အို. . .ကျွန်မပြောတဲ့ သဘောက”

“မပြောနဲ့ ဘယ်သူမှ လာမှမပြောနဲ့”

မင်းနရီသည် အသံတွေတုန်၍ မျက်ရည်များကျလာကာ တုန်ယင်နေတဲ့လက်များကို တစ်ဖက်နှင့်တစ်ဖက် ဆုပ်နယ်ချိုးချေနေရသည်။ ကကြိုးသည် မင်းနရီကို ခပ်လန့်လန့်နှင့် အလစ်မပေးဘဲ ကြည့်နေမိသည်။ သနားလည်း သနားမိကာ ကြောက်လည်းကြောက်နေမိသည်။ သူ့ချစ်သူ သူ့ဇနီးလောင်းက သေသွားသတဲ့၊ ဆရာဝန်မလေးတဲ့။

အို အဲ့လိုမျိုး ဂသုန်မသေပါစေနဲ့ ဂသုန်တော့ အသက်ရှင်ပါစေ။ ဖြစ်နိုင်ရင် တစ်ဖက်ကားကိုလည်း မသေစေချင်ပါ။ ဘယ်သူမှ ဘာမှ မဖြစ်စေချင်ပါ။ သို့သော် . . ငဖြိုးလေးလည်း သေဆုံးသွားရသကဲ့သို့ ဟိုဘက်က ဆရာဝန်မလေးလည်း သေသွားရှာသတဲ့။

"မင်းနရီ. . .ငါတို့လည်း လုပ်စရာရှိတာ လုပ်ရအောင် လာပါကွာ သွားရအောင်"

မင်းနရီက တင်ထွဋ် လက်ထဲက တံတောင်ဆစ်တွေ ကွေးဆောင့်ရှန်းဖယ်ကာ အဲဒီ နားလေး တစ်ဝိုက်မှာပဲ ဟိုလှည့် ဒီလှည့် ဒေါသတကြီး ပတ်လျှောက်နေသည်။ ဟို မသေမရှင် လူနာကို ပိုက်တွေ ဆွဲဖြုတ်ပစ်လို့လည်း ဖြစ်တာ မဟုတ်လေရာ ဒေါသကို အနားက ခပ်စွာစွာ မိန်းမထံပဲ ထွက်ပေါက်လှည့်ချပစ်လိုက်ရင်း. . .

"ရှင်. . ရှင်. . ရှင် ဘာပြောတာလဲ"

"မင်းရဲ့ အဲ့ဒီအကောင် သေသင့် မသေသင့်ပေါ့"

"ဘာလို့ သေရမှာလဲ၊ မသေရဘူး သူ ရှင်မှာ၊ ရှင်မတရား မပြောနဲ့"

"ရှင်ကို မရှင်ထိုက်ဘူး၊ လူတွေရဲ့ အသက်ကို ကယ်ဆယ်နေတဲ့ အင်မတန်ဖြူစင်တဲ့ ဆရာဝန်မလေးတစ်ယောက်ကို သေအောင် ကားနဲ့တိုက်သတ်တဲ့ ကောင်တစ်ကောင်ဟာ ဘယ်နည်းနဲ့မှ မရှင်သင့်ဘူးဆိုတာ မင်းမှတ်ထား"

"အို. . . အဲဒီ ဆရာဝန်အစ်မကြီးကို ဂသုန်က ကားနဲ့တိုက်သတ်တာလည်း မဟုတ်ဘူး၊ မတော်တဆ ဖြစ်ကြရတာ ၊ သူ ဆရာဝန်မမှန်းလည်း သိတာမဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် အငြိုးအတေးတွေရှိလည်း မဟုတ်ဘူး။"

"အေး . . . ဒီကောင်ကို တရားဥပဒေအရ အရေးယူလို့ရအောင် ငါ တရားစွဲမယ်၊ အမှုဖွင့်မယ်၊ နည်းနည်းမှ ချမ်းသာမပေးဘူး၊ နားလည်လား၊ မဆင်မခြင် ကားမောင်းပြီး လူသေစေမှု၊ ငါ့ချစ်သူ အသက်ဆုံးရှုံးရမှုကို ဘာနဲ့မှ အစားမထိုးနိုင်တဲ့ ဆုံးရှုံးမှု ၊ ငါ့အတွက် အင်မတန်ကြီးမားတဲ့ ပြင်းပြတဲ့ ဆုံးရှုံးမှု ငါအဲလို ဆုံးရှုံးရတာ နဲက တန်တဲ့ အပြစ်တော့ သူ ခံစားရထိုက်သည်။"

မင်းနရီက ကကြိုးရဲ့ မျက်လုံးများထဲ ဟိုးတဆုံးအထိထွင်းဖောက် နှိုက်ကြည့်လိုက်သလို အကြည့်မျိုးနှင့် စိမ်းစူးစူး စိုက်ကြည့်နေရင်းက အေးစက်စက်ပြောလိုက်ခြင်းပင်။ အသံက ပြိုကွဲပျက်သုန်းနေကာ မျက်နှာပြင်ပေါ်မှာလည်း နာကျင်လှတဲ့ ခါးသီးလှတဲ့ ဒဏ်ရာဝေဒနာကို ဆွေးတမြည့်မြည့် တွေ့နေရတာ ကြောင့် သူ့ကို ကြည့်ရသည်မှာ ရေခဲတောင်တစ်ခု တဖြည်းဖြည်း တအိအိ ပဲ့ပြိုကျနေတာနှင့်ပင် တူလှသည်။

အသွေးအမွေး အရောင်အဝါကို ကြည့်ခြင်းအားဖြင့် သူတို့ရဲ့ အရှိန်အဝါ အဆင့်အတန်းကို မှန်းဆနိုင်ပါသည်။ ဆုံးရှုံးခြင်းဆိုတာကို မခံစားဖူးတဲ့ ဂုဏ်ကြီးရှင် အထက်တန်းလွှာမျိုးပေ့ါ။ ခုမှ အဆုံးကြီး ဆုံးရှုံးရခြင်းဖြစ်သည်။ လက်သင့်မခံနိုင်လောက်အောင် အထိနာသွားတာဖြင့် သွေးရူးသွေးတန်း ပြောဆိုနေတဲ့ စကားမျိုးမို့ ကကြိုး ဗွေမယူလိုပါ။ ဂရုဏာပင် သက်မိပါသေးသည်။

ဘယ်လောက်မှ အငြိုးမပြေတဲ့ အာဃာတမျိုးကို ရင်မှာ ပိုက်ထားတော့မည် ဆိုတာတော့ သူ့မျက်နှာ သူ့မျက်လုံးတို့ကို ကြည့်ခြင်းအားဖြင့် သိသာပေါ်လွင်နေပါသည်။ အဲဒီ တော့ သတိကို ပိုတယ် မရှိအောင် ကိုယ့်ဘက်က အမြဲမပြတ် ဂရုတစိုက်အလစ်မပေးမှ။ သူ့ဘက်က နာကြည်းခါသီးမှု အစိုင်အခဲက လူအလစ်မှာ နှာခေါင်းကပိုက်ကြိုး ဆွဲမဖြုတ်ဘူးဆိုလည်း စိတ်ချ လို့မရ၊ လက်က အပ်တန်းလန်းလည်း ဆွဲမဖြုတ်ဘူးလို့လည်း စိတ်ချလို့မရပါ။

ချောမောခန့်ညားလှသည်နှင့် အမျှ သူဖြစ်ချင်တာဖြစ်ရမှ သူ မဖြစ်ချင်တာ မဖြစ်ရမှ ဆိုတဲ့ မာန်မာနမျိုးနှင့် တင်းမာလောင်မြိုက်နေတဲ့ မျက်နှာကိုလည်း စိတ်လက်မကောင်း ဂရုဏာသက်ပေးနိုင်တာက တစ်မျိုး၊ သူ့ကို ကြောက်မိတာက တစ်ဖုံ သူ့အပေါ် အယုံအကြည် ကင်းမဲ့ကာ ကိုယ့်ကို အန္တရာယ် ရှိစေနိုင်တဲ့ သူကို သံသယခိုင်မာမိတာက တစ်နည်း။ ခံစားချက် မျိုးစုံနှင့် သူ့ကို ကကြိုး ငေးကြည့်နေခဲ့မိသည်။

*

(၄)

ဘုန်းကြီးကို ဦးချပြီး မင်းနရီ ထိုင်ရာက ထလိုက်သည်။ သူ့ရင်တစ်ခုလုံး တင်းကျပ်ကာ စိတ်နှလုံးတို့ နောက်ကျို အုံ့မှိုင်းနေသည်။ နာကျင် အလိုမကျခြင်းကြောင့် အရှုးလိုသာ ဂျုးဂျုးဝါးဝါး အော်ဟစ်ပစ်ချင်တော့သည်။

"သား. . . ဘယ်လဲ"

"ပြန်တော့မယ် မေမေ"

"ဟဲ့. . . ဘယ်ဖြစ်မလဲ သား"

ဘေးက မေမေက တိုးတိုးမော့မော့ မေးနေပါသည်။

ဒီနေ့ဟာ နန္ဒာ့ ရက်လည်း ဆွမ်းကျွေးနေ့။ ဘုန်းကြီး တရားဟောသံရှေ့မှာ ဒူးတုပ်ထိုင်နေရတာ ကိုက သူ့အတွက် ဒုက္ခဆင်းရဲ ဖြစ်နေသည်။ ဒါတွေ မကြားလို မနာလိုပေ။ နန္ဒာ့ အမေရဲ့ ငိုသံကြီးနှင့် ရေစက်ချ အမျှဝေသံဟာ သူ့နှလုံးသားတွေကို ဆုတ်ညစ်နေလေသိုပင်။ ဘာတွေ ရင်ထဲမှာ ဘယ်လိုဖရိုဖရဲ ဖြောင်းဆန်နေမှန်း မသိ။ ဖြောင်းဆန်နေတော့ သည်။

ဆက်ပြီး သူ ထိုင်မနေနိုင် ရင်မဆိုင်နိုင်၊ အားလုံးက သူ့ကို အရိပ်တကြည့်ကြည့် ဖေးမကာ ဂရုဏာ တွေသက်ပြီး ချော့မော့လိုက်လျော ဆက်ဆံနေကြတာကိုက သူ့အတွက်တော့ အနှောင့်အယှက်ပင်။ မင်းနရီဟာ သူများရဲ့ သနားကြင်နာဂရုဏာဆိုတာမျိုးကို အသေအချာတောင် ခံစားဖူးတဲ့သူမဟုတ်။ အဲသလို ဆက်ဆံခံရတာ ဟာ သူ့အတွက် အချိုးမကျ

စိမ်းသက်သက် ဖြစ်နေစေသည်။

“ဘယ်သွားမှာလဲ သားရဲ့”

“ဘယ်ပဲ ဖြစ်ဖြစ် မေမေရာ၊ ကျွန်တော် ဒီမှာ ဆက်ထိုင်မနေနိုင်တော့ဘူး၊ မေမေနဲ့ ဖေဖေပဲ ကျန်ခဲ့တော့၊ မေမေတို့ဘာသာ ပြီးမှပြန်ခဲ့တော့”

“သားလည်း ရှိနေမှကောင်းမှာပေါ့၊ သားလေးရယ် ခုမှ ဘုန်းကြီးတွေ ဆွမ်းစဘုန်းပေးတာ လူဧည့်သည်တွေတောင် မစုံသေးဘူး၊ ဧည့်သည်တွေလာရင် သားမရှိဘူးဖြစ်နေမှာပေါ့”

“ကျွန်တော်မရှိလဲ ဘာအရေးလဲဗျာ၊ မင်္ဂလာဆွမ်းကျွေးမှ မဟုတ်တာ။ အားလုံးက ကြည့်ကျက်ပြီး နားလည်ကြပါလိမ့်မယ်။ ကျွန်တော် မနေချင်တော့ဘူး။ ရင်ထဲ တအားအောင့် တအားနောက်ကျိ မွန်းကျပ်ဖိစီးလာတယ်။”

“အေး. . .အေး. . . ဒါဖြင့်လည်း သွားလေ. .သွား၊ ကားဖြည်းဖြည်းမောင်း အိမ်ပဲဖြစ်ဖြစ် ပြန်နားပါလား။ သားရယ် ဝေးဝေးလံလံတွေ လျှောက်သွားမနေပါနဲ့နော်”

မင်းနရီက မေမေ့ကို ဘာမှ ပြန်မပြောနေတော့။ သူ ထကာ အိမ်ထဲက ထွက်လာတာကို ရောက်နှင့်နေတဲ့ ဆွေမျိုးပရိတ်သတ်တို့က ဂရုဏာနှင့်ဝိုင်းပြီး ငေးကြည့်ကျန်ရစ်ခဲ့ကြပါသည်။ ခါးသီး လိုက်တာ၊ လူတွေကိုယ့်ကို သနားစရာသတ္တဝါကလေးလို ဝိုင်းကြည့်ကြတာကို ခံရတာ ဒေါသဖြစ်ဖို့ ကောင်းလိုက်တာ။

မင်းနရီသည် ကိုယ်ကသာ သူတစ်ပါးကို သနားချင်အားပေးဖေးမချင်တဲ့သူ ဖြစ်ရာ ကိုယ့်ကို အများက ဝိုင်းသနားနေရတဲ့ဘဝ ရောက်ရတာ ကို အတော်ယူကျုံးမရ ခံရခက်နေပါသည်။ နန္ဒာ့အတွက် ကြေကွဲပူလောင်မှုနှင့် တစ်ပြိုင်နက် သူ့ကို ဖိအားပေးနေသည်မှာ သူ ဒီလိုဘဝ ဒီလိုအဖြစ် မျိုးကို ရောက်ရခြင်းအပေါ်လောင်မြိုက်နေတဲ့ ဒေါသပင်။

အဓိက ဟိုကောင်. . .။

ဟိုကောင်ကြောင့် နန္ဒာ သေရတာ ။ နန္ဒာသေရခြင်းဟာ သူ့အတွက် ဆုံးရှုံးနစ်နာမှု ကြီးမား လှသည်။ ဒီလောက် နှစ်ပေါင်းများစွာချီပြီး ရှာဖွေရွေးချယ်ခဲ့တဲ့ အဘက်ဘက်က ပြည့်စုံမြင့်မားတဲ့ သတို့သမီးလောင်းဆိုတာ နောက်ထပ် သူဘယ်လိုရှာတွေ့ဖို့ လွယ်မလဲ။ ဘာမှပြောစရာမရှိအောင် ပြည့်စုံတဲ့ သတို့သမီးလောင်းကြောင့် လူတကာ ချီးမွမ်းလေးစား အားကျရတဲ့ ကံထူးသူ ယောက်ျားတစ်ယောက်အဖြစ်ကလည်း သူ လျှော့ကျသွားပြီ။

အဓိက ဆိုးဝါးတာက သူ့ဘဝမှာ ကြီးမားသော ပျက်ဆီးဆုံးရှုံးမှုဆိုတာမျိုး ရှိလိမ့်မယ် ထင်မထားခဲ့ဘဲ ခုလောက်ထိဖြစ်ခဲ့ရတာ ။ တစ်ဆင့်ပြီးတစ်ဆင့် တစ်ထစ်ပြီးတစ်ထစ် ပြီးပြည့်စုံလာတဲ့ သူ့ဘဝမှာ နန္ဒာနှင့် လက်ထပ်။ ဉာဏ်ရည်မြင့်မားမဲ့ သားသမီးတွေဖြစ်လာ၊ သူတို့ မိသားစုလောက် အောင်မြင်တဲ့ မိသားစုဆိုတာ အင်မတန်ရှားပါးလှတယ်ဆိုတဲ့အထိ သူစိတ်ကူးယဉ်ထားတာ။

ဘဝနဲ့ချီပြီး သူ့စိတ်ကူးတွေကို မွမ်းမံတည်ဆောက်ထားတာတွေ၊ ခုတော့ ဟိုကောင် ကလေကချေကြောင့် ခါးလယ်က ပိုင်းချခံလိုက်ရသလို ခါးပြတ်ရပြီ။ အဲဒီ မြေဂသုန် ဆိုတဲ့ ကားမောင်း သမား ဒရိုက်ဘာကောင်ကို မုန်းတီးခါးတီးသည်မှာ ပြောစရာမရှိ၊ ရှင်းရှင်း ပြောရရင် သူ့ပါ သေသွားစေချင်လိုက်တာ။ ခုတော့ သူက မသေ။

မသေတဲ့အခါ အလွယ်တကူ ခွင့်လွှတ်ကျေအေးခြင်း မပြုလိုသည့် မင်းနရီက ထိုကားသမားကို နန္ဒာနေခြည်ဘက်မှ တရားလိုပြုလုပ် အမှုဖွင့်ဖို့ ကြိုးစားခဲ့သည်။ မဆင်မခြင် ကားမောင်းရမ်းကား၍ လူ့ အသက်သေစေမှု၊ သူ အမှုဖွင့်မည်ဆိုတဲ့ အခါ ဖွင့်မရဘဲ ရှိခဲ့ပါသည်။ ထို ကားတိုက်မှုကို လမ်းဘေး တစ်ဖက်တစ်ချက်မှ အဆောက်အဦးလမ်းသွားလမ်းလာတစ်ချို့၏ မျက်မြင်သက်သေများစွာ ရှိခဲ့သည်။

ကားကြီးက သူ့ဟာသူ သူ့လမ်းသူ လာနေတာ။ ကားလေးက မြွေလိမ်မြွေကောက် လမ်းကျူးကျော်လာပြီး သူ့ကို ရှောင်နေတဲ့ ကားကြီးကို ကားလေးက ဝင်တိုက်တာတဲ့။ ကြည့်ရတာ ကားမောင်းလာတဲ့ ဒေါက်တာနန္ဒာနေခြည်ဟာ ကားမောင်းရင် မူးမော်တာဖြစ်စေ၊ ရောဂါတစ်ခုခု ခံစားလာရပုံပေါ်တယ်ဟု လမ်းဘေးမှာ သွားနေသူ မျက်မြင်သက်သေ နှစ်ယောက်က ဆိုပါသည်။

ကားလေးကို ရှောင်သော်လည်း ကားလေးက ခေါင်းတိုးဝင်လာ၍ ကားကြီးနှင့် ကားလေး ၊ ခေါင်းချင်းဆိုင်တိုက်မိပြီးတဲ့နောက် ကားလေးက လွင့်စင်သွားပြီး ကားကြီးကတော့ လမ်းဘေး ဆွဲချသွားကာ ဓါတ်တိုင်နှင့် ပြင်းပြင်းထန်ထန်ကို ထပ်ဝင်တိုက်လိုက်မိတာတဲ့။ ဒီကားတိုက်မှုဟာ ကားကြီးရဲ့အပြစ်မဟုတ်ဘဲ ကားလေးရဲ့အပြစ်ဖြစ်နေသည်။

ဒီတော့ နန္ဒာ သေဆုံးရတာ လည်း သူ့ကြမ္မာ သူဖန်တီးသလို ဖြစ်တဲ့အပြင် တစ်ဖက်ကားက ငဖြိုး ဆိုတဲ့ ကောင်းကလေးတောင်မှ နန္ဒာ့အမှားကြောင့် ထပ်မံသေဆုံးပေးရတာ လို ဖြစ်နေပြန်ရောပေါ့။ ကိုယ်က အမှုဖွင့်ချင်ပါတယ်ဆိုကာမှ သေသွားပြီးတဲ့ ကိုယ့်ဘက်က နန္ဒာတောင် အပြစ်ကျရမလို တရားခံဖြစ်ရမလိုဖြစ်နေရာ မင်းနရီမှာ ဘယ်လိုမှ မတတ်နိုင်ဘဲ မကျေမချမ်းနှင့် အမှုဖွင့်ဖို့ကိစ္စကို ရပ်တန်းက ရပ်လိုက်ရပါသည်။

ဟိုဘက် မုန့်ကားဘက်ကလည်း ဘာမှပြဿနာမလုပ်၊ ကိစ္စဖြတ်လိုက်တဲ့အတွက် ကိစ္စက ပြေအေးသွားရလို အသုဘချတဲ့ရက်တုန်းက နန္ဒာနေခြည် အသုဘနှင့် ဟိုဘက်က မောင်ဖြိုးဆိုတဲ့ ကောင်လေးအသုဘက ရှေ့ဆင့်နောက်ဆင့်ပင်။ တစ်နေရာတည်းမှာ ရှေ့ဆင့်နောက်ဆင့်၍ သင်္ဂြိုလ်ရတော့်လည်း အသုဘအခမ်းအနားပြင်ဆင်နှင့် လူပရိသတ်ကတော့ ကွာခြားလှပါသည်။

မောင်ဖြိုးရဲ့ အသုဘဟာ သူတို့မုန့်တိုက်စက်ရုံက အလုပ်သမားတို့နှင့်

အသင့်အတင့် လူစည်သော်လည်း နွမ်းပါးသော အသုဘမှန်းသိသာလှပါသည်။ လာသမျှ လူတွေဟာလည်း ခပ်နွမ်းလျှလျှ၊ အဲဒီ လူစုထဲမှာ မင်းနရီက ဟိုကောင်မလေးကို တွေ့လိုက်ရပါသေးသည်။ ငိုထားတဲ့ မျက်နှာနဲ့ အဲဒီ ကောင်မလေးကိ မျက်ထောင့်ကြီးနှင့် လိုက်ကြည့်ခဲ့မိပါသေးသည်။

သူူမကလည်း မင်းနရီကို မှတ်မိပုံပင်။ မျက်လုံးများက မသိမသာခိုးကြည့် ခိုးကြည့်။ သူ့အကြည့်တွေဟာတော့ ကြောက်လန့်တကြား အယုံအကြည်ကင်းမဲ့ပုံနှင့် ပြူးတူးကြောင်တောင် ဟျာယာ ခတ်လှလေသည်။ အခု ပြန်တွေးကြည့်ရင်းမှ မင်းနရီ သတိတရ သိချင်လာရသည်မှာ ထိုကောင်မလေးနှင့် မသေဘဲ အသက်ပြင်းနေတဲ့ ဒရိုက်ဘာကောင်ဟာ ဘာတော်ကြသလဲ ဆိုတာပင်။

မောင်နှမလား။ လင်မယားလား။ သမီးရည်းစားလား ။ ဘာလဲ. . .။ သူ အရင်ဆုံးကောက်ကာ ငိုယိုပူဆွေးနေ့ပုံအရ အင်မတန်ရင်းနှီးတဲ့ ပတ်သက်မှုတော့ ရှိတာသေချာသည်။ ဘယ်လိုပတ်သက်သလဲ သာ မသိတာ။ မင်းနရီသည် အဲဒါကို သိချင်လာသည်။ ဘာကြောင့် သိချင်ရတာ လဲဆိုတာကိုတော့ သူမပြောတတ်။ သူ့စိတ်ထဲမှာ အဲဒီ ဒရိုက်ဘာကို အခဲမကျေ၊ သူ့ဘဝကြီးကို ဖျက်ဆီးလိုက်တဲ့ လူတစ်ယောက်လို့ ငြိုးတေးနာကြည်းနေမိတာဖြစ်ရာ ဘယ်လိုမှ မေ့မေ့ ပျောက်ပျောက် မထားလိုက်နိုင်ပါ။

တစ်ခဏအတွင်းမှာပဲ မင်းနရီရဲ့ ကားဟာ ရန်ကုန်ဆေးရုံကြီးဘက်ဆီ ဦးတည်နေပြီ ဖြစ်ကြောင်း၊ မကြာခင်မှာတော့ ဆေးရုံကြီးရှေ့ ကားပါကင်မှာ ကားကို နေရာတကျထိုးကာ ထိခိုက်ဒါဏ်ရာဝါဒ့် ရှိရာဆီ တက်လာနေမိပြီဖြစ်သည်။

ဝါ့ဒ်အဝင်နားမှာရပ်ကာ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်လိုက်သည်။ သူ့ပုံစံဟာ ဆေးရုံကို သတင်းမေးလာသူ တစ်ယောက်နဲ့တော့ မတူနိုင်။ တူခြင်းတူ တရားခံတစ်ယာက်ကို လိုက်ရှာဖမ်းနေသော ရာဇဝတ်အုပ် တစ်ယောက်နှင့်တော့ တူနိုင်ကောင်းသ ည်။ ရက်လည်ဆွမ်းကျွေး တရားနာလာရာက ထလာသည့် မင်းနရီပုံစံက ရှပ်ဖြူလက်ရှည် စတစ်ကော်လာနှင့် ပိုးတွဲပုဆိုး ခရမ်းပြာမှောင်နှင့်

ဖြစ်ရာ ဝ့ါဒ်အဝင်ဂမှာ ခါးထောက်ရပ်လျက် ဟိုဒီကြည့်နေပုံမှာ သတိပြုမိချင်စရာ ဖြစ်နေလျက်. . .

“ဘယ်သူနဲ့ တွေ့ချင်လို့လဲရှင်”

နာစ့်လေးတစ်ယောက်က မင်းနရီကို လာမေးယူရတဲ့ အထိပင်။ ထာဂစဉ်တောက်ပြောင် ကြော့မော့ သပ်ရပ်နေတဲ့ သူ့ပုံစံကြောင့် ဘယ်သူဘယ်ဝါလဲ ထင်သွားပုံရပါသည်။

“ဟိုတလောက ကားအက်ဆစ်ဒဲ့န့်ထ် ဖြစ်တဲ့လူနာလေး အရေးပေါ်ကတစ်ဆင့် ဒီကိုရွှေ့ လာတယ် ထင်လို့”

“သြော် . . .ကိုမြေဂသုန် ဆိုတာလား”

“အာ . . .ဟုတ်တယ်…ဟုတ်တယ်၊ဒီ နာမည်ပဲ သူရှိသေးလား ဆုံးသွားပြီလား”

မေတ္တာမသက်ဝင်တဲ့ မင်းနရီရဲ့ သတင်းမေးစကားမှာ နမိတ်မရှိ နမာမရှိ တုံးတိနားဝင်ဆိုး စေရာ ဆရာမလေးမှာ မဲ့မဲ့လေးဖြစ်သွားရလျက်. . .

“သြော်. . .သူရှိပါတယ်။ ဒါပေမယ့် ဝ့ါဒ် ထဲမှာတော့ မဟုတ်ဘူးရှင့် ICU ထဲမှာပါ”

“အဲဒါက ဘယ်မှာလဲ”

“ဒီဘက်မှာပါရှင်၊ ဟိုစင်္ကြံလမ်းထဲက ကွေ့သွားလိုက်ပါ”

မင်းနရီက ခေါင်းညိတ်ကာ ထွက်လာပါသည်။ အိုင်စီယူဆိုတာ Intersive Care Unit အထူးကြပ်မတ်ကုသဆောင် ဖြစ်ပါသည်။ ခုထိ အခြေအနေ ကောင်းမလာသေးဘူးဆိုတဲ့ သဘောပေ့ါ၊ ဒီကောင် အတော်အသက်ပြင်းတဲ့ကောင်စားတွေးရင်း မင်းနရီက မျက်နှာခပ်တင်းတင်းနှင့် ICU ရှိတဲ့ စင်္ကြံလမ်းတစ်ဖက်ကို ကွေ့လိုက်ပါသည်။

တစ်ဖက်ကွေ့ချိုးမှာ သီးသန့်တည်ရှိတဲ့ အိုင်စီယူအဆောင်ရဲ့ စင်္ကြံလမ်းဟာ လူရှင်းနေပါသည်။ ဝေါ့ဒ်အထဲမှာသာ လူနာများများထားတဲ့နေရာ မဟုတ်၍ လူနာရှင်တွေ ဘာတွေနှင့် ရှုပ်ယှက်ခတ် ရှိမနေ။ ထိုသီးသန့်စင်္ကြံလမ်းရဲ့ ဂရန်တာလက်ရန်းလေးပေါ် လက်တင်ပြီး မိန်းကလေးတစ်ယောက် မင်းနရီဘက် ကျောတစောင်းပေး ရပ်နေပါသည်။ သူ့ရှေ့ကြမ်းပြင်မှာ ချိုင့်တို့ ပုလင်းတို့ နည်းနည်းပါးပါး ပါဝင်သည့် ပလပ်စတစ်ဆွဲခြင်းတစ်လုံး ချထားပါသည်။

ကျောဘက်ကျကျ တစောင်းမြင်ရတဲ့ ထိုမိန်းကလေးရဲ့ နောက်ဘက်လှမ်းလှမ်းမှာ မင်းနရီက ခြေလှမ်းကို ရပ်လိုက်သည်။ သွယ်လျရှည်မျောတဲ့ ခန္ဓာကိုယ်မှာ အဖြူရောင် ရှပ်တစ်ထည်နှင့် နက်ပြာရောင် ပွင့်ပါသော ပါတိတ်လုံချည်တစ်ထည် ခပ်ဂိုးရိုး ဝတ်ဆင်ထားတဲ့ အဲဒီ မိန်းကလေးကို မျက်နှာ မမြင်ရသော်လည်း ဟိုးတရက် အရေးပေါ်မှာ နောက်နှစ်ရက်အကြာ သုသာန်မှာ ဆုံရတဲ့ မိန်းကလေးပဲဆိုတာ မင်းနရီ မှတ်မိနေသည်။

မတိုမရှည် ဆံပင်ကို ရိုးရိုးစုစည်းထားသည်။ ဝတ်ထားတဲ့ အဝတ်အစား အမျိုးအစားအရ ကိုယ်ခန္ဓာကို မပေါ်လွင်စေ မလှပစေ။ ခြေထောက်မှာ ကတ္တီပါဖိနပ် အနက်ရောင်နှင့် အတော်ကို ယေဘူယျကျလှတဲ့ အမျိုးသမီး။ မင်းနရီရပ်ကြည့်နေဆဲ သူမက မသိမသာ လှုပ်ရှားရင် လည်ပင်းလေးစောင်းကာ သူ့ဇက်ကြောကို သူချိုးလိုက်တဲ့ တစ်ချက် နှစ်ချက်မှာ မင်းနရီကို ဖျတ်ခနဲ တွေ့မြင်သွားပါသည်။

အလန့်တကြား လန့်ဖျပ်တုန်ယင်သွားတဲ့ သူမရဲ့ ပုံသဏ္ဌာန်က ဖြူပြုပျာပျာ ရှိလှသည်။ သူ မတွေ့ရတဲ့ ဟိုဘက်လက်တစ်ဖက်၌ စိပ်ပုတီး ဆုတောင်းနေပုံရသည်။ သူမက ဂရန်တာကို ကျောကပ်ရပ်လိုက်ပြီး မင်းနရီဘက်သို့ မျက်လုံးဝိုင်းကြီးများဖြင့် မမှိတ်မသုံ အကဲခတ် ပြူးကြည့်နေပါသည်။

ခြေဆုံးခေါင်းဆုံး အပြန်ပြန်အလှန်လှန် ကြည့်လို့မှ ဘယ်နေရာမှာမှ ထူးခြားကျက်သရေ ရှိ လှပချောမောနေတဲ့ အချက်မျိုး ထောက်ပြစရာ သူမကို

မထင်မရှား မိန်းကလေးတစ်ယောက်က မင်းနရီရဲ့ တန်ဖိုးအထားဆုံး ဆုံးရှုံးမှုကို နားလည်ခံစားတတ်လိမ့်မည်လို့ သူမထင်ပါ။

မင်းနရီက ခြေကို တစ်တောင်လောက်ချဲကာ ရပ်ရင်း လက်နှစ်ဘက်ကို ခပ်တင်းတင်း ပိုက်ချီထားတဲ့ ပုံစံနှင့်။

"မင်း လူနာ အခြေအနေဘယ်လိုလဲ"

ခပ်မာမာပင် မေးခွန်းထုတ်လိုက်ပါသည်။ ကကြိုးက လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားရရင် မရဲတရဲ အယုံအကြည် မရှိသံနှင့်ပင်။. . .

"ရှင်. . .ရှင် ဘာလုပ်မလို့လဲ"

မင်းနရီက ခေါင်းနှစ်ချက် သုံးချက်ယိမ်းလိုက်ရင်း. . .

"ငါ့မေးခွန်းက လူတွေမေးနေကျ သဘာဝကျကျ မေးခွန်းမျိုးပါပဲ၊ မင်းမေးခွန်းက ဘာလဲ၊ ဒါမျိုးက မေးစရာမလိုတဲ့ မေးခွန်းပဲ"

"ဒါ. . .ဒါပေမယ့် ရှင်က လူနာသတင်းမေးလာတဲ့သူမှ မဟုတ်ဘဲ၊ ရှင် ဘာလုပ်ဖို့ လာတာလဲ။ ဘာကိစ္စရှိလဲသာ ကျွန်မကို ပြောပါ"

"မင်းက လူနာနဲ့ ဘာတော်လဲ"

ကကြိုးက ခဏတိတ်ဆိတ်နေမိသည်။ သေသွားရှာတဲ့ ဒေါက်တာနေခြည် ဆိုတာ ဒီလူရဲ့ ချစ်သူတဲ့။ ကားတိုက်ဖြစ်ပွားတဲ့ နေ့ကတည်းကပဲ သိရသည်။ သူ့ကို ကိုယ်ချင်းစာမိပါသည်။ ဂရုဏာ သက်မိပါသည်။

ကကြိုးသည် သက်ပြင်းတစ်ရှိုက်နှင့် ခေါင်းကလေး မငဲ့တငဲ့ ပြုကာ. . .

"ကျွန်မချစ်သူပါ"

"ဟင်"

မင်းနရီက တအံ့တဩနှင့် စိုက်ကြည့်နေမိသည်။ အံ့ဩစရာတော့လည်း

မဟုတ်။ ဖြစ်နိုင်ချေ တွေထဲက ပါတာပဲ။ ဒါပေမယ့် သူက မောင်နှမ လို့ ပိုထင်ခဲ့မိသည်။

"ဩော်. . .ဒီကောင် ကိုယ်တိုင်လည်း ချစ်သူရှိတဲ့ လူတစ်ယောက်ပေါ့ ဟုတ်လား။ တောက် . . ဒီကောင်ဟာ ငါနဲ့ ငါ့ချစ်သူကို သေခွဲ ခွဲပစ်ခဲ့တဲ့ကောင်၊ သူ့မှာလည်း ချစ်သူတစ်ယောက် ရှိရက်သားနဲ့"

ကကြိုးက မင်းနရီကို ဂရုဏာသက်မှု တစ်ဝက် စိတ်ပျက်မှု တစ်ဝက်နှင့် ကြည့်နေမိကာ. . .

"ဒီမှာရှင့်. . . ဒီကိစ္စက မတော်တဆဖြစ်ပွားမှု သက်သက်ပါ။ ဘယ်သူ့ ဘယ်သူမှ အငြိုးအတေးကြီး ရှိကြတာလည်း မဟုတ်ပါဘူး။ ဖြစ်စေချင်လို့ ဖြစ်ရတာ လည်း မဟုတ်ပါဘူး။ ရှင့် ချစ်သူရယ်လို့လည်း ဘယ်လိုလုပ်သိနိုင်မှာလဲ"

"သိတာတွေ မသိတာတွေ ဖယ်ထားလိုက်ပါ။ အဓိကအချက်က ဒီကောင်ဟာ ငါ့ချစ်သူကို မရှု မလှ ပွဲခြင်းပြီး သေစေခဲ့တယ်"

ကကြိုးသည် မျက်ရည်လေးလည်ချင်လာမိပါသည်။ ရှေ့ကလူကို စိတ်ညစ်ညစ်နှင့်သာ ငေးကြည့်နေရသည်။ မင်းနရီက အဲတစ်ချက် တင်းတင်းကြိတ်လိုက်ပြီး. . .

"ငါနဲ့ နန္ဒာဟာ ရှေ့အပတ်ထဲမှာ စေ့စပ်ကြတော့မှာ ဖိတ်စာတောင် ရိုက်ထားပြီးခဲ့ပြီ။ ဟိုတယ် မှာလည်း ငွေချေခဲ့ပြီးပြီ"

ကကြိုးက မင်းနရီကို မျက်လုံးပြူးဝိုင်းပြီး ငြိမ်ကြည့်နေသည်။ ရင်ထဲလည်း နင့်မိသည်။ ဒီလူဟာ သူ့ချစ်သူလည်း သေဆုံးလို့စိတ်များ ဂယောက်ဂယက် ဖြစ်နေပလား။ ဒါတွေ ကကြိုးထံလာပြောနေလို့ ဘာအကျိုးရှိမှာလဲ။ ဂသုန့်ထံကိုလည်း ဘာမှ လာစရာအကြောင်းမရှိ။ ဂသုန့်ကို တစ်စုံတစ်ရာ အန္တရာယ်ပြုမှာပဲ ကကြိုးက သံသယမကင်း စိုးရိမ်နေမိပါသည်။

တကယ်ဆိုရင် သူ ဒီကိုလာစရာ အကြောင်းဘာမှကို မရှိတာပဲ။

"ဒီနေ့ ငှါချစ်သူ အသုဘရက်လည်နေ့ပဲ၊ မင်းသိလား"

"ဟုတ်ကဲ့ သိပါတယ်"

"မင်းက သေချာမှတ်ထားပါပေါ့လား။"

"ကျွန်မတို့ ကာပေါ်က ငဖြိုးလေးလည်း ဒီနေ့ ရက်လည်နေ့ပဲ၊ အတူတူမို့ သိတာပါ။ မနက်အစောကြီးကပဲ ငဖြိုးရက်လည်ကို ဝင်ခဲ့ပါသေးတယ်"

"ငဖြိုးကကော မင်းနဲ့ ဘာတော်တာလဲ။"

"ကျွန်မတို့အားလုံးက မုန့်စက်ရုံက လုပ်ဖော်ကိုင်ဖက် အချင်းချင်းတွေပါ။ တစ်နေရာတည်းမှာ အလုပ်လုပ်ကြတဲ့ ဝန်ထမ်းတွေပါ"

"ဒီကောင့် မိဘတွေ မရှိဘူးလား။ သူတို့ မလာကြဘူးလား"

"ဂသုန့်အမေ ဒေါ်ဒေါ်မြိုင်က သွေးတိုးရှိတာ အခု သူ့ကိုယ်တိုင်လည်းသွေးတိုးပြီး အိပ်ယာထဲ လဲနေတယ်။ အဲ့ဒါကြောင့် ကျွန်မလာစောင့်တာပါ။ ဒါပေမယ့် နေ့လည်စား စားပြီးချိန်မှာ ဂသုန့်အဖေက လူလဲနဲ့ လာစောင့်မှာ၊ ကျွန်မက အလုပ်သွားဆင်းရမှာပါ။ အဆင်ပြေသလို တစ်လှည့်စီပေါ့။"

ကကြိုးက အထက်လူကြီးကို အစီရင်ခံတင်ပြနေသလို ဂှင်းပြပြောပြနေမိပါသည်။ တကယ်ကို ဒီလူရဲ့ အရှိန်အဝါကလည်း ကြီးမားသည်။ အနိမ့်စားဝန်ထမ်းတစ်ယောက်မျှသာဖြစ်တဲ့ ကကြိုးလို မိန်းကလေးတစ်ယောက်ဟာ သူတို့အလုပ်ရှင်သူဌေးသား အစ်ကိုလေးထက်ပင် တောက်ပခမ်းနားနေတဲ့ မင်းနရီကို အလိုလိုနေရင်း လန့်ရှိန်ရိုကျိုးမိခြင်းဟာ မဆန်းပါ။

"သူက အိုင်တီယူထဲက မရွှေ့ရသေးဘူးဆိုတော့ အခြေအနေဆိုးတာပေါ့"

“ဖွ . .ဖွ လွဲပါစေ”

“ဟာ. . . ငါက စကားအဖြစ်ပြောတာပါ အခြေအနေမေးတာပါ။ ”

“ကျွန်မကလည်း နမိတ်ဖတ်သလိုဖြစ်နေမှာစိုးလို့ လွှဲအောင် မသိအောင် ဆုတောင်း နေရတာ ပါ။”

အတော်ကို အသည်းပိုချင်တဲ့ မိန်းကလေးရယ် မင်းနရီက အမြင်ကတ်တဲ့ မျက်ထောင့်ကြီးနဲ့ ကြည့်မိသည်။ နွမ်းလျနေတဲ့ ထိုမိန်းကလေးရဲ့ ရုပ်ရည်သွင်ပြင်တွင် ပြောပလောက်တဲ့ ထူးခြားမှုလည်း မရှိ။ အဆင့်အတန်းလည်း မမြင့်။ မင်းနရီအရေးတယူ ဆက်ဆံပေါင်းသင်းတဲ့အ ဆင့်အလွှာထဲ လုံးဝမပါဝင်တာ သေချာသည်။ ဤမိန်းကလေးကို သူလာပြီး မေးတစ်ခွန်း ဖြေတစ်ခွန်း အရေးလုပ်စကား လက်ဆုံကျနေမိတာကို ကိုယ့်ကိုကိုယ်လည်း မျက်မှောင်တကုတ်ကုတ် စိတ်ရှုပ်နေသည်။

သူ့ ကိုယ်သူ အပြစ်မကင်း ဖြစ်သကဲ့သို့ အနည်းငယ် ရှိုးတိုးရှန့်တန့်လည်း ရှိပြီးလျှင်. . .

“အခြေအနေ ဘယ်လိုလဲ”

“ဂသုန့် ဒါဏ်ရာ လည်ပင်းအောက်ဘက်နား ကျောရိုးကြီးနားက နာဗ့်ကြော အာရုံကြော ထိခိုက်မှု ရှိတယ်လို့ ဆရာဝန်က ပြောတယ်။ အဲဒီ အာရုံကြော ထိခိုက်မှုကြောင့် သူ့အခြေအနေက ဆိုးနေတာ။ အခု သူ့ကို မလှုပ်စေရအောင် ထားရတယ်။ ခေါင်းကို ညှပ်တွေနဲ့ငြိမ်အောင် ထားထားတယ်။ ခြေလက်တွေက လုံးဝလှုပ်မရတာ မဟုတ်ပဲ အံ့သေသလို အကြောဆိုင်းသလို အားမရှိဘဲ လှုပ်ရှားဖို့ ခက်ခဲနေတယ်။ မျက်လုံးလေးပဲ လှုပ်လို့ရတယ်။. . .”

ဂသုန့်ခေါင်းနဲ့လည်ပင်းကို လှုပ်ရှားမိရင် အခု ထိခိုက်ပြီး ညှပ်မိနေတဲ့ အာရုံကြောမကြီးမှာ ဒဏ်ရာ ပိုဆိုးပြီးအောက်ပိုင်း လှုပ်မရတာ မျိုးလည်း ဖြစ်သွားနိုင်တယ်တဲ့ ။ သူ့ဒဏ်ရာက ခွဲစိတ်ဂမှာ။ ခွဲစိတ်ရင်လည်း အရေးကြီးတဲ့

ခွဲစိပ်မှု အကြီးစားမေဂျာကေ့စ်လို့ပြောတယ်။ ခွဲစိတ်နိုင်တယ့် အခြေအနေအထိ စောင့်ရဦးမယ်၊ အခု မခွဲစိတ်ရသေးဘူး. . .

ဂသုန်က ဆေးရုံမှာ လနဲ့ချီပြီး နေရတော့မှာ ပြီးတော့. .

ကကြိုးသည် ဝဲရစ်ကာ မျက်လုံးအိမ်ထဲလျှံ၍ ပါးပြင်ပေါ်ပြုတ်ကျလာသော မျက်ရည်ပေါက်ကို လက်ဖနောင့်လေးနှင့် ကလေးလို သုတ်လိုက်ပါသည်။

"ပြီးတော့ ခွဲစိတ်ပြီးသည့်အခါ ဒီခွဲစိတ်မှု အောင်မြင်မယ်၊ မအောင်မြင်ဘူး၊ သူကောင်းကောင်း ပြန်လှုပ်ရှားသွားလာနိုင်မယ်၊ မလှုပ်ရှား မသွားလာနိုင်ဘူးဆိုတာကိုလည်း တရားသေပြောလို့မရဘူးလို့ ဆရာဝန်ကြီးကပြောတယ် ရှင့်"

မင်းနရီသည် ဒီတစ်ချီမှာတော့ တမင်တကာ စေတနာဆိုးနှင့်ပြောတာ မဟုတ်ဘဲ ကိုယ့်ကိုကိုယ် နှင့် နှိုင်းယှဉ် ကိုယ်ချင်းစာကာ. . .

"ဒီလိုကြီး မလှုပ်နိုင် မရှားနိုင် မရွေ့နိုင် မသွားနိုင်နဲ့ အသက်ရှင်ပြီးနေရမှာထက်စာရင် သေလိုက်ရတာ ကမှ ကောင်းသေးတယ်"

ကကြိုး မျက်နှာက ကွက်ကနဲ ပျက်သွားကာ. . .

"အို . . .ရှင် နိမိတ်မရှိတာတွေ ပြောနေပြန်ပြီလား"

"ဟုတ်တာကို ပြောတာကိုလေ၊ ဒီလိုကြီး ရှင်သန်ရမှာနဲ့စာရင် ငါသာဆို သေပစ်လိုက်မယ်"

ကကြိုးက ဟိုဘက် အဝေးတစ်နေရာကို ခပ်ငေးငေး ရှိနေရင်း . . .

"မလှုပ်ရှားနိုင်တော့ အနေအထားနဲ့ပဲ အသက်ရှင်ရှင်၊ မမြင်နိုင် မကြားနိုင် မသိနိုင်တဲ့ အနေအထားနဲ့ပဲ အသက်ရှင်ရှင် ခြေကျိုးလက်ပြတ်နဲ့ပဲ အသက်ရှင်ရှင် ။ အို. . . ဘာတွေ ဘယ်လို ချို့ယွင်း ချို့ယွင်းပါ၊ သူ

အသက်ရှင်ရက်လေး ရှိနေသေးတယ် ဆိုတာကိုပဲ ဖြေသိမ့်ရမျှာ ကျေနပ်ရမှာ၊ ကျွန်မရော သူ့မိဘရော သူဘာပဲဖြစ်ဖြစ် ဘာပဲဖြစ်နေဖြစ်နေ၊ မသေရင် တော်ပါပြီလို့ သဘောထားပါတယ်။”

မင်းနရီသည် နားမလည်နိုင်ဘဲ မျက်မှောင်ကုတ်မိကာ. . .

“အဲသလို အသက်ရှင်ရှိတာကလည်း အာရုံမသိ၊ ခံစားချက် မရှိ၊ မလှုပ်မယှက် လူကြီးတစ်ယောက်လို ဘာလုပ်မှာလဲ”

ခုနေများ နန္ဒာသာ အဲသလိုကြီး ဒုက္ခိတကြီးတစ်ယောက်ဘဝနဲ့ပ ရှင်သန်နေရင် အဲဒီ အသက်ရှင်တာလေးကိုပဲ တန်ဖိုးမဖြတ် ကျေနပ်နှစ်သိမ့်နိုင်ပြီး သူစိတ်ချမ်းသာအောင်နေနိုင်သလားလို့ တွေးမိတော့ လုံးဝစိတ်မချမ်းသာနိုင်ပါ။ သူ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ အရာရာ အဘက်ဘက်က အမြင့်မား အပြည့်စုံဆုံး မိန်းမဟာချင်လျက်နဲ့ သေနေသလိုကြီး ဖြစ်နေမဲ့ဟာ သူ ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာနိုင်မှာတဲ့လဲ။

“သူ ရှိနေတယ်၊ သူ အသက်ရှင်နေတယ်၊ သူရှင်သန်နေသေးတယ်၊ ဆိုတဲ့ အသိနဲ့ ကျွန်မတို့မှာ ပြည့်စုံနေမှာ”

မင်းနရီက ကကြိုးကို ခပ်မှုန်မှုန် ကြည့်နေမိသည်။ သူမဟာ ကဗျာဆန်ချင်ကာ စကားပြော ကောင်းတဲ့သူ ဖြစ်အောင် လုပ်ကြံပြောနေတာလို့ပဲ သူက သတ်မှတ်ပါသည်။ ပြီးတော့ .. . မကျေနပ်သလိုလိုလည်း ဖြစ်မိသည်။ ဒီမိန်းကလေးက ဒီမြေဝသုန် ဆိုတဲ့ ကောင်ကို ဘာဖြစ်လို့ ဒီလောက်တောင် ချစ်မြတ်နိုးရတာ လဲ။

ဒီမြေဝသုန်ဆိုတဲ့ ကောင်က ဘာကောင်မို့လို့လဲ သူအမှုဖွင့်ဖို့ ကြိုးစားစဉ်တုန်းကလည်း ဒီလူရွယ်ဟာ ဒရိုက်ဘာမဟုတ်ဘဲ မုန့်လုပ်တဲ့ဘက်က မုန့်ဖုတ်သင်တန်းကျောင်း အောင်မြင် ကျွမ်းကျင်သော လက်ထောက်မုန့်ဆရာဆိုတာ သိခဲ့ရသည်။ အဲဒါကကော ဘယ်လောက် ထူးမြတ်ကြီးကျယ် ခမ်းနားနေလို့လဲ။

လက်လွတ်မခံနိုင် ဆုံးရှုံးမခံနိုင် မျက်စိအောက်က အပျောက်မခံနိုင် တမက်တမော မြတ်နိုးကြည်ညိုလေးစား နေဖို့ရာ ဒီကောင်ရဲ့ ဂုဏ်ဒြပ်တွေက ဘယ်လောက်မြင့်မားတောက်ပြောင်နေလို့လဲ။

ဖွင့်မေးရလောက်အောင် ရင်းနှီးကျွမ်းဝင်မှု မရှိ၍ ဖွင့်မေးလို့လဲ မသင့်လေရာ မင်းနရီသည် ဒါကိုပဲ တနုံ့နုံ့နဲ့ အဓိပ္ပါယ် မပေါ်နိုင်အောင် တွေးလို့မဆုံးဖြစ်နေပါသည်။ ဒီမိန်းကလေးရဲ့ မျက်နှာပေါ်မှာ ဒီလူကို အဆုံးရှုံးမခံနိုင်တဲ့ တန်ဖိုးထား မက်မောတွယ်တာမှုတို့က စင်းစင်းပေါ်နေတဲ့အပြင် အဲဒီ လို လိုအပ်မှုဟာ မင်းနရီ့ရဲ့ နန္ဒာ့ကို လိုအပ်မှုမျိုးနှင့် လုံးလုံးမှ မတူပါ။

မတူတာကို မင်းနရီ ရိပ်စားခံစား မိနေပါသည်။ ဒါပေမယ့် ဘယ်လိုမတူတာလဲ ဆိုတော့လေ ဖြေရှင်းရခက်သား မြေဝသုန်ကို သူမ လိုအပ်နေပုံက အသက်တမျှ အရေးကြီးနေသလိုဖြစ်နေသည်။ အဲသလောက်တော် ပဲလား။ ဘာကြောင့် အဲသလောက်တောင်လဲ။ မင်းနရီ မုန်းတီးငြိုးတေးပါတယ် ဆိုတဲ့ ကောင်ဟာ ဒီကောင်မလေး ဒီလောက်မက်မောနေစရာဖြစ်နေသတဲ့လား။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

မင်းနရီက ခပ်တည်တည် မေးလိုက်ပါသည်။ အထက်စီးကလာတဲ့ မေးခွန်းသံကြောင့် ကကြိုးက ကသိကအောက် မြင်ရသည်။ သူက ကျောင်းဆရာကြီးစာမေးနေတာကျနေတာပဲ။ သို့သော် မဖြေပဲလည်း မနေဝံ့သလို ဖြစ်ကာ . . .

"ကကြိုး"

ကကြိုးက မျက်လွှာချပြီး ခပ်တိုးတိုး ဖြေလိုက်ပါသည်။ မဖြေချင့်ဖြေချင် ကိုယ့်နာမည် သူစိမ်း ယောကျာ်းကို ပြောပြရတာ အတွက်လည်း ရှက်ကိုးရှက်ကန်း အမူအရာဆန်ဆန် တစ်မျိုးတစ်မည် ဝန်လေး တွန့်ဆုတ်ပြီးမှ မကျေမနပ် ဖြေလိုက်တဲ့ ဟန်ကို မင်းနရီ အထူးတဆန်း စိုက်ကြည့်နေမိသည်။

ဘယ်လိုအမူအရာမျိုးပါလိမ့်။ ဆရာကြီး မဆန်သော (တပည့်ကြီး ဆန်သော) အတော့် မပြည့်ဂ မထည်ဝါ မဟန့်မရှိသော အမူအယာမျိုးပဲ။ သို့သော် ထိုအမူအယာသည် သန့်ဂွင်းစင်ကြယ်လှသည်။

"ကကြိုး ဟုတ်လား၊ မင်းအမေ အဖေကလည်း မင်းလို ကဗျာဆန်ဆန် အမျိုးအစားတွေပဲကိုး"

"ကျွန်မအဖေက ဟိုအရင်က ကဗျာဆရာပဲ၊ ဒါပေမယ့် အခု မရှိတော့ပါဘူး၊ ဆုံးသွားပါပြီ"

မင်းနရီက မသိမသာ နှာခေါင်းရှုံ့မိသေးသည်။

"ဒါနဲ့ ရှင် . . . ရှင် အခု လာရင်းကိစ္စ ပြီးပြီလား၊ ရှင် ထူးထူးထွေထွေ ဘာလုပ်ဖို့များ အကြောင်းကိစ္စ ပါသေးသလဲဟင်"

ကကြိုးသည် လက်ကောက်ဝတ်မှ ကြိုးမည်းတပ်နာရီလေးကို တစ်ချက်ငုံ့ကြည့်ရင် မင်းနရီထံ မရဲတရဲလေး လှမ်းမေးလိုက်ပါသည်။ ဒီကနေ အိမ်ပြန်၊ ခြင်းတွေ ဘာတွေထား၊ ရေးမိုးချိုးပြီးမှ အလုပ်ကို နောက်တစ်ခေါက် ပြန်ထွက်ရမှာမို့ သူမ သွားရခါနီး နေပါပြီ၊ လူလဲစောင့်မည့် ဂသုန့်ရဲ့အဖေ၊ ဒါမှမဟုတ် အစ်ကို ဂမ်းကွဲ၊ ဒါမှမဟုတ် သူ့ သူငယ်ချင်း ရန်လင်း၊ တစ်ယောက်ယောက် အလှည့်ကျလာတဲ့အခါ မနက်တိုင်းစောင့်တဲ့ ကကြိုးနှင့် ဆုံလိုက်ကြတာလည်း ရှိသည်။

တစ်ခါတစ်ခါ သူတို့ နည်းနည်းပါးပါး နောက်ကျနေရင်လည်း ကကြိုးက အရင်ပြန်နှင့် လိုက်ပါသည်။ လွဲလှ လူမဂိုလှ နာရီဝက်ပေါ့။ ဂသုန့်အတွက် အထူးသူနာပြုကတော့ ICU ခန်းထဲမှာတင် အချိန်ပြည့်ရှိပါသည်။ အိမ်ကလူတွေ အဲဒီ အခန်းထဲ အချိန်ပြည့်နေခွင့်မရှိပါ။ အခန်းထဲမှာ အရေးပေါ်အသက်ကယ်ဆယ်ရေး အသုံးပြုတဲ့ ကိရိယာတန်ဆာပလာမျိုးတွေ စက်တွေ များစွာရှိသည်။

အသက်ကို လုရမည့် အထူးအရေးတကြီး စောင့်ရှောက်ရမည့်

လူနာများကိုသာ ထားသော အခန်းမို့ လူစိမ်းတွေ ညဒဟို ဝင်ချည်ထွက်ချည် ပြုနေလျှင် အပြင်က ရောဂါပိုးမွှားတွေ ဝင်ကုန်မှာ၊ လူနာအတွက် အနှောင့်အယှက်ဖြစ်မှာ၊ ရောဂါတိုးမှာ စိုးရိမ်ရပါသည်။ ဒါကြောင့် ကကြိုးတို့ တစ်ခါတစ်ရံ ဝင်ကြည့်လိုလျှင်ပင် သူတို့ရဲ့ ထိုအခန်းထဲအဝင်မှာ ပိုးသတ်ထားသော ဆေးရုံဝတ်ရုံကြီး လဲလှယ်နေရပါသည်။ ကြာကြာမနေရပါ။

"သူ့ကို အခြေအနေ လာကြည့်တာပဲ"

"သူ့အခြေအနေ ရှင် သိနေပြီပဲ၊ ခုလို လာကြည့်တာ ကျေးဇူးတင်ပါတယ်။ ရှင် ပြန်ပါတော့လား"

"မင်းက ဘာအတွက် ငါ့ကို နှင်နေတာလဲ၊ ငါပြန်ချင်ရင် ပြန်မှာပေါ့"

"ကျွန်မက ခဏနေရင် သွားတော့မှာမို့ပါ"

"သွားပေါ့။ ရပါတယ် မင်းဟာ မင်းသွားတာပဲ ဘာဖြစ်လဲ"

"ရှင်းရှင်းပြောရရင် ရှင်ကျန်ရစ်ခဲ့မှာကို ကျွန်မ နည်းနည်းမှ စိတ်မဖြောင့်ဘူး"

မင်းနရီက မျက်ခုံးပင့်လိုက်သည်။ အတော်တော့ ပွင့်ပွင့်လင်းလင်းပြောတဲ့ မိန်းကလေးပဲ။

"စိတ်ဖြောင့်ဖြောင့်သွားပါ၊ မင်းရဲ့ မြေဂသုန်ကို ကိစ္စဖြစ်ကတည်းက ပွဲချင်းပြီး သေသွားစေချင်တာ မှန်ပေမယ့် အခုလို အခြေအနေရှိမှတော့ နှာခေါင်းကပိုက်တို့ လက်ကပိုက်တို့ ငါ ဖြုတ်မှာ မဟုတ်ပါဘူး၊ အဲလိုလုပ်ရင် ငါ လူသတ်သမားဖြစ်သွားပြီး ထောင်ကျနေမှာပေါ့ သူ့အတွက် လောက်နဲ့တော့ ငါထောင်ကျမခံပါဘူး၊ မင်း ကိစ္စရှိရင် စိတ်အေးအေးထားပြီး ပြန်ပေးတော့"

"ပိုက်တွေဖြုတ်ရင် ကာယကံမြောက်လူသတ်မှု ကျူးလွန်သလိုဖြစ်ပြီး ရှင့်ကို အရေးယူ အပြစ်ပေးလို့ ရပေမယ့် ရှင်က လူမိုက်ကြီးမှ မဟုတ်တာ

မပြစ်ပေးလို့ မရမယ့် နည်းလမ်းမျိုးတွေနဲ့ တစ်နည်းတစ်ဖုံ ဒုက္ခပေးရင်ကော”

မင်းနရီက စိတ်တိုတိုနှင့် “ကျွတ်”ခနဲ စုတ်သတ်ကာ. . .

“ငါက ဘာလုပ်လို့ ရမှာလဲ”

“အနည်းဆုံး သူ စိတ်ဆင်းရဲ ထိခိုက်မယ့် စကားမျိုးတွေ ရှင်သွားပြောမှာ ကျွန်မ စိုးရိမ်တယ်”

သူပြောမှပဲ အကြံဉာဏ်ရတော့တယ်။ တော်တော် အကွက်စေ့စေ့ အသည်းပိုတဲ့ မိန်းကလေး လို့ သူ့စိတ်ချဉ်ပေါက်ရပြန်သည်။

“ဘာပဲဖြစ်ဖြစ် ငါက သူ့ကို ဝင်ကြည့်ဦးမှာ”

“ရှင် ဘာလုပ်ဖို့ ဝင်ကြည့်နေဦးမှာလဲ၊ သူ့ကို အေးအေး ဆေးဆေး နေခွင့်ပြုပါရှင်၊ အနှောင့်အယှက် မပြုဖို့ ကျွန်မ တောင်းပန်ပါတယ်။ လူကြီးမင်းရယ်”

“ငါ့နာမည် မင်းနရီ၊ ငါ့ကို လူကြီးမင်း ခေါ်စရာမလိုဘူး၊ တမင်တကာ ရွဲ့ခေါ်သံ ပေါက်နေတယ်”

“ရှင်ဟာ လူတစ်ဖက်သားကို နေရင်း ထိုင်ရင်းမကောင်းမြင်တတ်တဲ့ သူမျိုးပဲ၊ ကဲ. . .ကဲ . . ရှင် တားမရဘဲ ဝင်ကြည့်မှာဆိုရင် ကျွန်မရှိတုန်း ကျွန်မတို့နဲ့ဝင်ပါ”

“ဘာကိစ္စနဲ့ မင်းက ငါ့ကို ဒီလိုအမိန့်ပေးရတာ လဲ”

“အမိန့်ပေးတာနဲ့ တောင်းပန်တာ တခြားစီပါ။ ဦးမင်းနရီ ကျွန်မ ရှင့်ကို အမိန့်မပေးရဲပါဘူး၊ တောင်းပန်တာပါ ရှင်ဝင်ကြည့်ချင်ရင် ခုဝင်မယ်လေ၊ ကျွန်မရှိနေမှ စိတ်ချနိုင်မယ်”

မင်းနရီက ကကြိုးကို စေ့စေ့ကြည့်နေပါသည်။ သူမ မျက်ဝန်းထဲက သူ့ကို အထိတ်တလန့် မယုံရဲတဲ့ အရိပ်တို့ကိုတော့ သဘောကျ ကျေနပ်သလိုတောင်

ဖြစ်နမိပါသည်။

“ကဲ. . . ဝင်မှာလား”

“ဟင့်အင်း. . . ငါ ဝင်မကြည့်တော့ပါဘူး”

“ဝင်မကြည့်ရင် ကျေးဇူးတင်ပါတယ်။ ရှင်ဝင်ကြည့်လည်း သူက ရှင့်ကို သိမှာမဟုတ်၊ စကားလည်း သေချာမပြောနိုင်။ ရှင့်ကို မြင်လို့လည်း ဘယ်သူဘယ်ဝါမှန်း ဘယ်လိုပတ်သက်မှန်း သိမှာမဟုတ်၊ ဘာမှ မထူးပါဘူး

“ဟုတ်ပါတယ် ငါလည်း မဝင်တော့ပါဘူး၊ သူ့အခြေအနေ အနေအထားကိုလည်း မင်းဆီက သိရပြီပဲ။ ရပါပြီ”

“သူ့အခြေအနေကို သိရပြီးရင် ရှင်က ဘာလုပ်မလို့လဲ ဟင်”

“ဟာ . . . ငါ့ဟာငါ ဘာလုပ်လုပ်ပေ့ါ၊ မင်းအပူပါသလား”

“ရှင် . . . အကြောင်းတစ်ခုရှိလို့ လာနေတာပါ။”

“ဟုတ်တယ်။ ငါမညာပါဘူး တစ်အချက် အနေနဲ့ သူ့ကိုငါက ငါ့ချစ်သူ သေသလို သေစေချင်တယ်”

“ဖွ. . . ဖွ . . . လွဲပါစေ”

“မသေတော့ဘူး ဆိုရင်လည်း ရှိပါစေတော့၊ မသေတော့လည်း တစ်မျိုးပေ့ါ သေလုမြောပါး ဝေဒနာမျိုး ငါခံစားရသလို ပြန်ခံစားရမယ်ဆိုရင်လည်း ကျေနပ်စရာ ကောင်းတာပါပဲ”

ကကြိုး မျက်နှာကလေးက ညှိုးနွမ်း၍ မျက်လုံးလေးတွေ မှိုင်းမှုန်ရီဝေကာ. . .

“ရှင့် ချစ်သူကို ရှင်သိပ်ချစ်မှာပဲ ဆိုတာ ကျွန်မလည်း ကိုယ်ချင်းစာပါတယ် ဦးမင်းနရီရယ်၊ သူ သိရင်လည်း သူလည်း

ကိုယ်ချင်းစာနိုင်ပါတယ် ကျွန်မတို့ အင်မတန် စိတ်မကောင်း ခံစားရတာ ကလွဲရင် ဘာမှလဲ ပြန်မလုပ်ပေးနိုင်လို့ပါ”

“မင်းတို့ဘက်က လုပ်မပေးနိုင်ပေမယ့် ငါ့ဘက်က လုပ်နိုင်တယ်လေ၊ မြေဂဝုသုန်ကို အဆုံးရှုံးကြီး ဆုံးရှုံးမှုမျိုး ငါက ခံကိုခံစားရစေချင်သေးတာ”

မင်းနရီက အံကျိတ်ကာ တီးတိုးပြောအပြီး ကကြိုး ရှေ့က ဖျတ်ခနဲ လှည့်ထွက်ပြီး ရုတ်တရက် ပြန်ချသွားပါတယ်။

*